# မြန်မာနိုင်ငံတွင်း မြေအဓိပ္ပာယ်ဖွင့်ဆိုမှု



transnationalinstitute

စိတ်ကူးမှသည် လက်တွေ့ဆီသို့

ရေးသားပြုစုသူများ
- Jenny Franco, Hannah Twomey, Khu Khu Ju, Pietje Vervest, Tom Kramer

ဒီဇိုင်း - Brigitte Vos, www.vosviscom.nl

Transnational Institute မှ ပုံနှိပ်ထုတ်ဝေသည်။
၂၀၁၅ ခုနှစ် နိုဝင်ဘာလ

ဤသင်ပုန်းကြီးကို လွန်ခဲ့သည့် နှစ်များအတွင်း မြန်မာနိုင်ငံအနှံ့ ဒေသခံအဖွဲ့အစည်းများနှင့် အတူ TNI မှ တွဲဘက်စီစဉ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်လာကြသူများမှ အဖိုးတန်သောအကြံဉာဏ်များဖြင့်ပါဝင်အားဖြည့်ပေးခဲ့ခြင်းမရှိပါကယခုကဲ့သို့ပုံနှိပ်ထုတ်ဝေနိုင်မည်မဟုတ်ပါ။ ထိုပုဂ္ဂိုလ်အားလုံးကို ကျွန်ုပ်တို့အနေဖြင့် အထူးကျေးဇူးတင်ရှိသကဲ့သို့ ထိုသူတို့၏ ဘဝများနှင့် အမြင်သဘောထားများကို ဤစာအုပ်အတွင်း မှန်ကန်စွာ ထင်ဟပ်မှတ်တမ်းတင်ထားနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်ပါသည်။ တစ်ခုခုကျန်ရစ်ခဲ့ပါက သို့မဟုတ် လွဲမှားဖော်ပြမိပါက ကျွန်ုပ်တို့၏ လိုအပ်ချက်သာဖြစ်ပါလိမ့်မည်။

# မာတိကာ

၁။ မြေဆိုတာဘာလဲ.... ဘာကြောင့်အရေးကြီးသလဲ။ ၁

၂။ မြေအရေးဟာ ဘာကြောင့် မြန်မာနိုင်ငံမှာ ခေါင်းစားရတဲ့ ကိစ္စရပ်ဖြစ်နေသလဲ။ ၁၁

၃။ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ဆွေးနွေးတဲ့နေရာမှာ မြေက ဘယ်လိုပါဝင်ဆက်စပ်နေသလဲ။ ၂၃

၄။ မြေနဲ့ ပတ်သက်တဲ့ လူ့အခွင့်အရေးရှိသလား။ ၃၀

၅။ ကိုယ့်ရဲ့မြေနဲ့ စပ်ဆိုင်တဲ့ လူ့အခွင့်အရေးတွေကို မြန်မာနိုင်ငံသားတွေဘယ်လိုနည်းလမ်းတွေနဲ့ ကြိုးစားဖော်ထုတ်နေကြသလဲ။ ၄၁

## ၁။ မြေဆိုတာဘာလဲ.... ဘာကြောင့်အရေးကြီးသလဲ။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း (FAO) ၏ မြေနှင့်ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ "ကပ်လျက်မြေမျက်နှာပြင်အထက်ရှိ ဇီဝဂုဏ်ဂန်းကျင် သို့မဟုတ် ကပ်လျက်မြေမျက်နှာပြင်အောက်ရှိ မြေဆီလွှာ ပါဝင်ဖွဲ့စည်းမှုနှင့် မြေနေရာ အနေအထားအမျိုးမျိုး၊ မြေမျက်နှာပြင်ပေါ်ရှိ ရေခံဝန်းကျင် (ကန်ရေတိမ်များ၊ မြစ်ချောင်းများ၊ ရွှံ့မြေများနှင့် စိမ့်မြေများအပါအဝင်)၊ မြေမျက်နှာပြင်ပေါ်ရှိ နန်းတင်မြေများနှင့် ဆက်စပ် မြေအောက်ရေ ထိန်းသိမ်းထားရှိမှု၊ အပင်နှင့် တိရိစ္ဆာန်ဦးရေ၊ လူများအခြေချနေထိုင်သည့်ပုံစံ၊ ယခင်နှင့် ယခုလက်ရှိ လူသားများ၏ လုပ်ဆောင်ချက်ကြောင့်ဖြစ်ပေါ်လာသည့် ရုပ်ပိုင်းဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများ (လှေကားထစ်ဘောင်ဖော်ခြင်း၊ ရေသိုလှောင်ကန် သို့မဟုတ် တူးမြောင်းတည်ဆောက်မှုများ၊ လမ်းများ၊ အဆောက်အအုံများ စသည်ဖြင့်)[၁] အားလုံး ဆက်စပ်အကျုံးဝင်လျက်ရှိသည့် မြေကမ္ဘာမျက်နှာပြင်အထက် နယ်ပယ်အဝန်းအဝိုင်းတစ်ခု၏ ရေးဆွဲပုံဖော်နိုင်သော နယ်မြေတစ်ခုဖြစ်သည်။"

> "လူ့အခွင့်အရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဆင်းရဲမွဲတေမှု လျှော့ချရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လူမှုရေးတည်ငြိမ်အေးချမ်းမှု၊ အိုးအိမ်လုံခြုံရေး၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုတို့ကို အမှန်တကယ် အသက်သွင်းရုပ်လုံးဖော်ရာ၌ မြေယာ၊ သားငါးနှင့် သစ်တောတို့သည် အဓိကကျသည့် မဏ္ဍိုင်များဖြစ်သောကြောင့် အစိုးရများအနေဖြင့် မြေယာလုပ်ပိုင်ခွင့်အပေါ် တာဝန်ယူမှုရှိရှိဖြင့် အုပ်ချုပ်စီမံရန် ကြိုးပမ်းအားထုတ်သင့်သည်။"
>
> ---
>
> ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး ကော်မတီ၏ မြေယာလုပ်ပိုင်ခွင့် လမ်းညွှန်ချက်များမှ စာပိုဒ်အမှတ်(၄-၁)

ဤအစီပွာယ်ဖွင့်ဆိုချက်ပါ အဆိုများနှင့် ဤနေရာတွင် ဖော်ပြထားသည့် ကြောင်းကျိုးခိုင်လုံမှု သဘောတရားများအရ မြေသည် လူသားတစ်ဦးအတွက်အသက် တမျှအရေးပါလျက်ရှိကြောင်း အခိုင်အမာပြဆိုနေပါသည်။ လူသားများ၏ ဖြစ်တည်မှု သည်မြေနှင့် ခွဲခြားမရ ဆက်စပ်နေသဖြင့် လူသားတို့၏ လုပ်ဆောင်ချက်နှင့် ကမ္ဘာ ပေါ်ရှိ လူသားဖြစ်တည်မှု သမိုင်းကြောင်းတို့ကို ခွဲခြားဖယ်ထုတ်၍ မြေအကြောင်း သက်သက်ပြောဆိုပါက ကြောင်းကျိုးပြည့်စုံနိုင်မည်မဟုတ်ပေ။

လူများကို ထည့်သွင်းစဉ်းစားလိုက်ပါက ပိုမိုရှင်းလင်းပြည့်စုံနိုင်သကဲ့သို့ ပိုမို ရှုပ်ထွေးသွားမှုလည်း ရှိလာနိုင်သည်။ မတူခြားနားသည့် မြေမျက်နှာသွင်ပြင်အနေ အထားများ၏ အရေးပါမှုများက (ဥပမာ တစ်တောင်ပေါ်တစ်တောင်ဆင့်နေသည့် တောင်တန်းများ၊ တောင်ကြားလွင်ပြင်များ၊ ထူထပ်သိပ်သည်းသည့် သစ်တောများ၊ ကျောက်စိုင်ကျောက်သား တင်းကြမ်းပြည့်နေသည့် တောင်တန်းများ) တစ်နေရာနှင့် တစ်နေရာ ကွဲပြားလျက်ရှိသည့် မြေနှင့်လူ၏ ဆက်စပ်မှုကို ဖော်ပြလျက်ရှိသည်။ မြေကြီးနှင့် လူ၏ဆက်စပ်မှုသည် ရာသီစက်ဝန်းများ (ဥပမာ မိုးရာသီနှင့် နွေရာသီ) သို့မဟုတ် ကာလတာပိုမိုရှည်လားသည့် ရာသီဥတုဆိုင်ရာ ဘူမိဗေဒအပြောင်းအလဲ များ (ဥပမာ အယ်လ်နီညိုရာသီစက်ဝန်းများ သို့မဟုတ် မြေငလျင်လှုပ်ခတ်မှုများ) ကြောင့်လည်း အချိန်နှင့်အမျှ ပြောင်းလဲသွားနိုင်ပါသည်။

*"မြေဟာ ကျွန်တော်တို့ရဲ့ ဘဝဖြစ်သလို ကျွန်တော်တို့ရဲ့ ဂုဏ်သိက္ခာလည်း ဖြစ်တယ်။ ကျွန်တော်တို့လိုအပ်တဲ့ စားစရာတွေပေးတယ်။ နေထိုင်စရာ အိမ်လည်းဖြစ်တယ်။ မိသားစုတွေ စည်းစည်းလုံးလုံး နေထိုင်နိုင်စေတဲ့ နေရာ လည်းဖြစ်တယ်။ ဒ့ါအပြင် မြေကြီးဟာ ကျွန်တော်တို့မျိုးဆက်တစ်ခုနဲ့တစ်ခုကြား အမွေဆက်ခံလာခဲ့တဲ့ တန်ဖိုးအရှိဆုံး အမွေလည်းဖြစ်တယ်။"*

*ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဖောင်တော်ကြီးကျေးရွာမှ တောင်သူတစ်ဦး*

လူ့ဘောင်အသိုက်အဝန်းသည်လည်း အချိန်အပိုင်းအခြားအလိုက် ပြောင်းလဲ လျက်ရှိသဖြင့် အတွေ့အကြုံနှင့် အယူအဆတစ်ခုတည်းသို့ ဦးတည်သွားနေခြင်း

မဟုတ်ဘဲ အတွေ့အကြုံနှင့် အယူအဆပေါင်းမြောက်များစွာ ကွဲလွဲလျက်ရှိသည်။ မြေသည် ကမ္ဘာပေါ်၌ လူသားတို့ ရှင်သန်နေသမျှကာလပတ်လုံး တိကျခိုင်မာသည့် အကြောင်းပြချက်များအရ အရေးပါလျက်ရှိပြီး ရုပ်ပိုင်းဆိုင်ရာ မြေကွက်များသက်သက် ထက်ပိုလွန်သည့် အဓိပ္ပာယ်ဆောင်လျက်ရှိသည်။

မြေသည် မတူကွဲပြားသည့် လူ့ဘောင်အသိုက်အဝန်းများကို တည်ဆောက်ခြင်းနှင့် လူသားတို့၏ အလေ့အထအမျိုးမျိုးအတွက် မရှိမဖြစ်အရေးပါသည့် အရာဖြစ်သည်။ မြေသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု (ယုံကြည်ကိုးကွယ်မှုအပါအဝင်) ကဲ့သို့သော ရှုထောင့်ပေါင်းစုံအပြင် နိုင်ငံရေးဆိုင်ရာ ရှုထောင့်များအရလည်း လူ့ဘောင်အသိုက်အဝန်းကြီးကို ပုံဖော်ပေးလျက်ရှိသည်။ ဥပမာအနေဖြင့် တောကြီးဝနိုင်များ၊ သစ်တောများ၊ တောင်တန်းများ၊ သဲကန္တာရများ၊ တောင်စွန်းများ၊ စိမ့်မြေများ၊ ရွှံ့နွံတောများ၊ ကမ်းရိုးတန်းဒီရေတောများ၊ ဟင်းလင်းပြင်လယ်ပြင်နှင့် ဂင်ရိုးစွန်းဒေသများကိုထည့်သွင်းစဉ်းစားနိုင်ပါသည်။ အဆိုပါနယ်မြေဒေသများသည် အချို့သောသူများအတွက် ခေတ်ရေစီးကြောင်းမှ သွေဖယ်လျက်ရှိပြီး သွားလာရအောင်မတန်ခက်ခဲ၍ နွေးထွေးပျူငှာခြင်းမရှိသည့် ဒေသများဖြစ်သည်။ သို့ရာတွင် အခြားသူများအတွက် ယင်းနယ်မြေများသည်ရာစုနှစ်ပေါင်းများစွာနိုင်ငံအာဏာပိုင်များ၏လွှမ်းမိုးအုပ်ချုပ်မှုမှ ရှောင်ဖယ်ရန် သို့မဟုတ် အခြားခေတ်မီတိုးတက်သည့် လူ့အဖွဲ့အစည်းများ၊ ပြင်ပသူစိမ်းသူရံများ၊ ကျူးကျော်သူများ သို့မဟုတ် အသစ်ဝင်ရောက်လာသူများမှ အကာအကွယ်ယူ နေထိုင်လျက်ရှိသည့် နယ်မြေဒေသများဖြစ်သည်။

မြေဆိုသည်မှာ အဘယ်နည်း .... မည်သို့အဓိပ္ပာယ်ရှိသနည်းဟူမူကား ကာလအပိုင်းအခြားအလိုက် ကျွန်ုပ်တို့ နေထိုင်လျက်ရှိသည့် နေရာဒေသများရှိ အခြားသက်ရှိပုံစံများနှင့် လူများ၏ဆက်ဆံရေးကို ပုံစံအမျိုးမျိုးဖြင့် လူသားတို့ တည်ဆောက်လာခဲ့သည့် ဆက်နွယ်ပတ်သက်မှုများအရ ကွဲပြားလျက်ရှိကြောင်း တွေ့ရှိရသည်။ ဤကဲ့သို့သော ဆက်နွယ်ပတ်သက်မှုများက မြေကမ္ဘာပေါ်ရှိ ကျွန်ုပ်တို့နေထိုင်ရာအရပ်၊ ကျွန်ုပ်တို့၏ အခန်းကဏ္ဍနှင့် စပ်ဆိုင်လျက်ရှိသည့် သီးခြားအသိပညာဗဟုသုတများ၊ အမြင်သဘောထားများနှင့် ရွေးချယ်မှုများကို ပေါ်လွင်ထင်ဟပ်မှုရှိစေသည်။ "မြေနှင့်ပတ်သက်သော ရှုထောင့်ပေါင်းစုံပါဝင်သည့် သွင်ပြင်လက္ခဏာရပ်" ဟူသည့် စကားစု

သည် လူသားများအတွက် မြေ၏အဓိပ္ပာယ်သက်ရောက်မှုနှင့် မြေ၏အဓိပ္ပာယ်ကို လူများ အနက်ဖွင့်ဆိုမှုပုံစံများအားလုံးကို ရည်ညွှန်းခြင်းဖြစ်သည်။

လူသားများအနေဖြင့် မိမိတို့ထိတွေ့နေရသည့် မြေနှင့် မြေမျက်နှာသွင်ပြင် အနေအထားအမျိုးမျိုးကို လိုက်လျောညီထွေပြုလုပ်နိုင်သည့် စွမ်းရည်ကို ပိုင်ဆိုင်ထား သည်။ ဥပမာ မြေသည် ကျွန်ုပ်တို့ အခြေချနေထိုင်မည့် နေရာကိုရွေးချယ်ရာ၌ သော်လည်းကောင်း၊ ကျွန်ုပ်တို့အသက်မွေးဝမ်းကျောင်းအတွက် လုပ်ကိုင်သော နည်း လမ်းများအပေါ်တွင်သော်လည်းကောင်း၊ ကျွန်ုပ်တို့ နေအိမ်များကို ဆောက်လုပ်ရန် အိမ်ဆောက် ပစ္စည်းများရွေးချယ်ရာတွင်သော်လည်းကောင်း၊ ကျွန်ုပ်တို့ ယုံကြည် ကိုးကွယ်မှုအပေါ်တွင်သော်လည်းကောင်း၊ လေထုတွင်းရှိ ကျွန်ုပ်တို့နားလည်လက်ခံ ထားသည့် မကျွတ်မလွတ်သေးသော ဝိညာဉ်များအပေါ်တွင် သော်လည်းကောင်း သက် ရောက်လွှမ်းမိုးလျက်ရှိပြီး ကျွန်ုပ်တို့လာရာအရပ်နှင့် ပတ်သက်သည့် သမိုင်းကြောင်း နောက်ခံနှင့် လက်ရှိအရပ်၌ နေထိုင်ရသည့် အကြောင်းရင်းများကိုလည်း ထင်ဟပ် ပေါ်လွင်စေလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ ကချင်၊ လီဆူ၊ အခါနှင့် လားဟူ ကဲ့သို့သော တောင်တန်းနေလူထုအချို့၌ "ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်း၍ အမျိုးသား-အမျိုးသမီး လက္ခဏာနှစ်ရပ်စလုံး ဒွန်တွဲနေသည့် ဒဏ္ဍာရီလာ ဖန်ဆင်းရှင် ဘုရားရှိကြောင်း" လက်ခံယုံကြည်လာခဲ့ကြသဖြင့် ဘုန်းတော်ကြီးများ၊ ရှေ့ဖြစ်ဟော ဆရာများ သို့မဟုတ် သူတော်စင်များဦးဆောင်သည့် "တောင်ကြားလွင်ပြင်အစိုးရ များ၏ လက်အောက်ခံအဖြစ် ခံယူခြင်းမပြုရန်"၂ တိုက်တွန်းသည့် လှုပ်ရှားမှုများ မကြာခဏ ပေါ်ပေါက်လာစေရန် တွန်းအားဖြစ်စေခဲ့သည်။

သို့ရာတွင် ဆန့်ကျင်ဘက်အားဖြင့်လည်း မှန်ကန်လျက်ရှိသည်။ လူသားများ အနေဖြင့်မိမိတို့ထိတွေ့နေရသည့်မြေနှင့်မြေမျက်နှာသွင်ပြင်ကိုပြောင်းလဲပစ်နိုင်သည့် စွမ်းရည်ကိုလည်း ပိုင်ဆိုင်ထားလျက်ရှိသည်။ မကြာခဏ ဆိုသလို ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏ အနာဂတ်မျှော်မှန်းချက်အပေါ်လိုက်၍ လိုချင်သည့်ပုံစံအတိုင်း ပြုပြင်နိုင် မည့်နည်းလမ်းများကို ရှာဖွေလေ့ရှိသည်။ မြေသည်ကမ္ဘာမြေ၏ အပေါ်ယံမျက်နှာပြင် သက်သက်သာမဟုတ်ဘဲ လူ့ဘောင်လောကကို ပုံသွင်းရာ၌ဖြစ်စေ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်နှင့် ရွေးချယ်မှုများကို ပြုလုပ်ရာ၌ဖြစ်စေ နောက်ကွယ်မှ မောင်းနှင်

လျက်ရှိသည့် တွန်းအားတစ်ခုလည်းဖြစ်သည်။ လူ့ဘောင်အသိုက်အဝန်းသည်လည်း ဤမြေကမ္ဘာ၏ အပေါ်ယံမြေမျက်နှာသွင်ပြင်ကို ပုံသွင်းခြင်းနှင့် တဖန်ပြန်လည်ပုံသွင်း ရာ၌ အခရာကျလျက်ရှိသည်။

## လူ့ဘောင်အသိုက်အဝန်းနှင့် မြေနှင့်မြေမျက်နှာသွင်ပြင် အနေအထားတို့ အပြန်အလှန် ပုံသွင်းလျက်ရှိသည်။

အောက်ပါသာဓကများသည် ကြီးမားကျယ်ပြန့်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေခဲ့သည့် လူသား တို့၏ မြေနှင့် မြေမျက်နှာသွင်ပြင် အနေအထားများကို အသွင်ပြောင်းခဲ့သည့် နည်းလမ်း များကို မီးမောင်းထိုးပြထားခြင်းဖြစ်သည်။

**ဖားကန့်ကျောက်စိမ်းတူးဖော်ရေး**

ဖားကန့်သည် မြန်မာကျောက်စိမ်း တူးဖော်ရေးလုပ်ငန်း၏ ဒုစရိုက်နယ်တစ်ဖြစ် လည်း မြေတူးလွန်ဖောက်စက် ယန္တရားကြီးများဖြင့် ကပ်ဆိုက်လျက်ရှိသည့်ဒေသဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း မြေပြိုမှု ၇ ကြိမ် ကြုံတွေ့ခဲ့ရာ၌ လူပေါင်းတစ်ရာကျော်ကို သေဆုံးစေ ခဲ့သည့် စွန့်ပစ်မြေစာပုံပြိုကျမှုသည် လူသေဆုံးမှုအများဆုံးဖြစ်သည်။[၃] ထိုကဲ့သို့သော ထိခိုက် သေဆုံးမှုများအပြင် ယင်းဒေသအတွင်း ကသောင်းကနင်းဖြစ်သည့် မြေယာပဋိပက္ခများ တစ်ရှိန်ထိုးမြင့်မားလာခဲ့ပြီး တစ်ဆက်တည်း သစ်တောပြုန်းတီး၍ ဥရုမြစ်ညစ်ညမ်းလာ ခြင်းကြောင့် လူပေါင်းများ စွာနေရပ်စွန့်ခွာခဲ့ရသည်။[၄]

**လက်ပံတောင်းကြေးနီသတ္တုတွင်း**

လက်ပံတောင်းကြေးနီသတ္တုတွင်းသည် သင်တင့်မျှတမှုမရှိသည့် စွန့်ပစ်ပစ္စည်းစီမံ ခန့်ခွဲမှုစနစ်များ၊ ကျယ်ကျယ်ပြန့်ပြန့် မြေယာသိမ်းဆည်းမှုများ၊ လယ်ယာမြေများကို ခြံခတ် ပိတ်ဆို့မှုများနှင့် လူများကို အတင်းအကျပ် ရွှေ့ပြောင်းနေရာချထားမှုများဖြင့် ဒေသတွင်း သဘာဝပတ်ဝန်းကျင်နှင့်အနီးဝန်းကျင်ကျေးရွာများအားပြောင်ပြောင်တင်းတင်းဖိစီးနိုင်စက် လျက်ရှိသည်။[၅] ဤကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုအတွင်း အနီး ဝန်းကျင်ရှိ နယ်ခံများ၏ ဆန့်ကျင်ဆန္ဒပြမှုများကို 'ကာကွယ်ရန်'အတွက် တားဆီးဖြိုခွဲရေး ရဲတပ်ဖွဲ့ဝင်များ၏ အင်မတန်အဆိပ်အတောက်ပြင်းထန်သည့် ဓာတုပစ္စည်းများနှင့် စစ်ဖက်

ဆိုင်ရာလက်နက်အမျိုးမျိုး အသုံးပြုမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။[၆]

**ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုံ (SEZ)**

ဘင်္ဂလားပင်လယ်အော် တံခါးကြီးဖွင့်လှစ်ပေးခြင်းဖြင့် တရုတ်တို့၏ အကျိုးစီးပွားများအတွက် ကျောက်ဖြူအထူး စီးပွားရေးဇုံ၌ စက်မှုလုပ်ငန်းနှင့် စီးပွားရေးအသိုက်အမြုံများ အခြေတည်လာမည်ဖြစ်သကဲ့သို့ ရေနက်ဆိပ်ကမ်း၌လည်း တန်ချိန်ပေါင်းသိန်းချီရှိသည့် ရေနံတင်သင်္ဘောများ ကမ်းကပ်လာနိုင်မည်ဖြစ်သော်လည်း အခြားတစ်ဖက်တွင် ရိုဟင်ဂျာရပ်ရွာလူထုများ နေထိုင်လျက်ရှိသည့် အနီးဝန်းကျင်ရွာပေါင်း (၄၀) ကျော်ကို မြေလှန် ဖျက်ဆီးပစ်ခဲ့ရုံမျှမက မြန်မာနိုင်ငံ၏ ဒုတိယမြောက်အကြီးဆုံး ဒီရေတောကို ကျူးကျော်သိမ်းပိုက်၍ လယ်ယာမြေနှင့် ငါးဖမ်းနယ်မြေများကိုပါ ဆုတ်ယုတ်ပျက်စီးသွားစေခဲ့သည်။[၇] လူသားတို့၏ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဂေဟစနစ်တစ်ခုလုံးကို ယိုယွင်းပျက်စီးစေပြီးအဆိပ်အတောက်များဖြင့်ညစ်ညမ်းသွားစေနိုင်သည့်အလားအလာသည်နယ်မြေဒေသပေါင်းများစွာကို ဖြတ်ကျော်သွယ်တန်းထားသည့် ရွှေသဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းချိတ်ဆက်မိသွားပါက ပိုမိုဆိုးရွားလာတော့မည်ဖြစ်သည်။

**ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုံ(SEZ)**

သင်ပုန်းကျောက်တို့ဖြင့် အတိပြီးသည့် ကမ်းရိုးတန်းမြေ ၁၉၆ စတုရန်းကီလိုမီတာအရှည်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုံသည် မြန်မာနှင့် ထိုင်းနိုင်ငံတို့ ပေါင်းကူးဆက်သွယ်မည့်ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်ကာ သံမဏိစက်ရုံများနှင့် ရေနံ/သဘာဝဓာတ်ငွေ့ အခြေခံ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ကဲ့သို့သော အကြီးစားစက်ရုံများကို ဆောက်လုပ်သွားမည်ဖြစ်သည်။[၈] အထူးစီးပွားရေးဇုံသည် လူဦးရေပေါင်း ၂၂၀၀၀ မှ ၄၃၀၀၀ ခန့်၏ ဘဝများကို ဝင်ရောက်ကျူးကျော်သွားမည်ဟု ခန့်မှန်းရပြီး လက်ရှိအချိန်၌ လယ်ယာမြေပေါင်းများစွာကို ဖျက်ဆီးပစ်ခဲ့ပြီဖြစ်သည့်အပြင် ဓာတုဓာတ်မြေဩဇာများနှင့် အဆိပ်အတောက်ပြင်းထန်သည့်သတ္တုများ ပျော်ဝင်မှုကြောင့် ရေရင်းမြစ်များ ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးစေလျက်ရှိသကဲ့သို့ အသေးစားတံငါသည်များကို ကမ်းရိုးတန်းအနီးဝန်းကျင်၌ သားငါးရှာဖွေမှုမပြုနိုင်အောင် ဟန့်တားပိတ်ပင်၍ ဒေသတွင်း ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းကိုလည်း သုံးဆခန့်မြင့်တက်သွားစေခဲ့သည်။[၉] ပင်လယ်ကမ်းစပ်နားရှိ တံငါသည် ကျေးရွာပေါင်းများစွာကိုဂါးမြို့ခဲ့သည့် ထားဝယ်ရေနက်ဆိပ်ကမ်းကို အရှေ့တောင်အာရှ၏ အကြီးမားဆုံးသော ကုန်သွယ်ရေးနှင့် စက်မှုဇုံအဖြစ် ချဲ့ထွင်သွားရန် ရည်မှန်းထားကြသည်။

## မြစ်ဆုံရေကာတာ

နိုင်ငံရေးအရအကဲဆတ်မှု၊ ဇီဝမျိုးစုံမျိုးကွဲစုံလင်များပြားမှု၊ ငလျင်အန္တရာယ်ရှိမှုတို့ကြောင့် စစ်ကိုင်းပင်မငလျင်ပြတ်ရွေ့ကြောင်းနှင့် ၆၂ မိုင်အကွာတွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ (၁၅) ခုမြောက် အကြီးဆုံးရေကာတာ တည်ဆောက်မှုသည် ကချင်ပြည်နယ်မြို့တော်၏ မြစ်အောက်ပိုင်းတွင် နေထိုင်လျက်ရှိသည့် လူဦးရေသုံးသိန်းခန့်၏ ဘဝများကို ဖောက်ထိုးမိုးမျှော်ဖြစ်သွားစေနိုင်ပြီး "မြန်မာနိုင်ငံ၏ပင်မမြစ်ကြောင်းစနစ်ကိုထာဝရပျက်သုန်းသွားစေမည်ဖြစ်သည်။"[၁၀] ထို့ပြင် ဆန်စပါးထုတ်လုပ်မှုနှင့် ရေနေသတ္တဝါတို့၏ ရွှေ့ပြောင်းကျက်စားမှု ပုံစံများသာမက မြစ်၏ဆားငံဓာတ်ပါဝင်မှုကိုပါ ထိန်းကျောင်းပေးလျက်ရှိသည့် မြစ်အောက်ပိုင်း စုန်ရေစီးဆင်းမှု ပုံစံကိုပါ ပြောင်းလဲသွားစေမည်ဖြစ်သည်။[၁၁] ခန့်မှန်းရေလွှမ်းမြေဧရိယာပေါင်း ၇၆၆ စတုရန်းကီလိုမီတာရှိသဖြင့် ဂေဟဗေဒဆိုင်ရာနှင့် ယဉ်ကျေးမှုလက္ခဏာတို့ ပေါင်းစုစည်းလျက်ရှိသည့် မြစ်ဆုံကို ခိုးယူသွားသကဲ့သို့ ကချင် တို့၏ ယဉ်ကျေးမှုအမွေအနှစ်နယ်မြေအတွင်း နေထိုင်လျက်ရှိသည့် လူပေါင်း ၁၂၀၀၀ ကျော်ကိုလည်း အတင်း အကျပ်ရွှေ့ပြောင်းစေခဲ့ပြီးဖြစ်သည်။[၁၂]

## ဟတ်ကြီးရေကာတာ

မြစ်ဆုံရေကာတာနှင့် နှိုင်းယှဉ်ရပါက ဟတ်ကြီးရေကာတာ၏ တည်နေရာတွင်လည်းတိုင်းရင်းသားလူမျိုးပေါင်းစုံရှိနေပြီး သားရဲတိရိစ္ဆာန်များပေါကြွယ်ဝကာ ငလျင်ကြောပေါ်တွင် ကျရောက်လျက်ရှိသည့်အပြင် သံလွင်မြစ်ကြောင်းတစ်လျှောက်ရှိ စစ်ဒဏ်ကြောင့် ဖွတ်ဖွတ်ကြေနေသည့် နယ်မြေဒေသဖြစ်သဖြင့် ရေကာတာတည်ဆောက်၍ သက်ရှိမြေပြင်အနေအထားကို ရက်ရက်စက်စက်ပြောင်းလဲပစ်ရန် မီးထိုးပေးနေသည်။[၁၃] ရေကာတာလုံခြုံရေးအကြောင်းပြချက်ဖြင့် အစိုးရတပ်များ တိုးချဲ့နေရာယူလာခြင်းကြောင့် တိုက်ပွဲများပိုမိုပြင်းထန်စေခဲ့ပြီး စစ်ဘေးဒုက္ခသည်အမြောက်အများကိုလည်း မွေးထုတ်ပေးခဲ့သည်။ ထို့အပြင် ရေနေသတ္တဝါများ၏ နေထိုင်စရာဝန်းကျင်များ၊ သစ်တောပြုန်းတီးမှု၊ လယ်ယာမြေများရေမြုပ်သွားခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများပျောက်ဆုံးခြင်းကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိုးရိမ်ဖွယ်ကိစ္စရပ်များနှင့် ခပ်စိပ်စိပ်ဖြစ်လာသည့် ငလျင်ကြောလှုပ်ရှားမှုတို့ကို အလျဉ်းကိုင်တွယ်ဖြေရှင်းခြင်းမရှိသေးပေ။[၁၄]

## ၂။ မြေအရေးဟာ ဘာကြောင့် မြန်မာနိုင်ငံမှာ ခေါင်းစားရတဲ့ ကိစ္စရပ်ဖြစ်နေသလဲ။

ယနေ့မြန်မာနိုင်ငံသည် ဆိုးရွားသည့် မြေယာပြဿနာရပ်ကြီးကို တွေ့ကြုံရလျက်ရှိသည်။ မြေယာသည် မြန်မာနိုင်ငံအတွင်း ခေါင်းစားရသည့်ကိစ္စရပ်ဖြစ်နေရသည့် အကြောင်းပြချက်များစွာရှိပါသည်။

ပထမဦးဆုံးအနေဖြင့်လက်ရှိမြေယာပြဿနာသည်တိုင်းရင်းသားပဋိပက္ခနှင့် ဆက်စပ်ပတ်သက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ တိုင်းရင်းသားလူမျိုးစုံလင်ကွဲပြားမှု အများဆုံးနိုင်ငံများ၌ တစ်ခုအပါအဝင်ဖြစ်၍ စုစုပေါင်းလူဦးရေ၏ ၃၀-၄၀ ရာခိုင်နှုန်းခန့်သည် တိုင်းရင်းသားများဖြစ်ပြီး တိုင်းရင်းသားပြည်နယ်များ (အများစုသည်ဆင်းရဲ၍ အမြဲတမ်းလိုလို ဖိနှိပ်ခံထားရသည့် တိုင်းရင်းသားလူနည်းစုများဖြစ်ကြသည်) သည် နိုင်ငံ၏နယ်မြေဒေသ စုစုပေါင်း၏ ၅၇ ရာခိုင်နှုန်းခန့်ကို လွှမ်းမိုးနေရာယူလျက်ရှိသည်။

တိုင်းရင်းသားလူနည်းစုအဖွဲ့များသည် ခွဲခြားဆက်ဆံမှုနှင့် အပယ်ခံရမှုများကို နှစ်ပေါင်းများစွာ ခါးစည်းခံစားခဲ့ ရသောကြောင့် လက်တစ်ဆုပ်စာ ဗမာတိုင်းရင်းသား အခွင့်ထူးခံလူတန်းစားတစ်စု ကြီးစိုးခြယ်လှယ်လျက် ရှိသည့် ဗဟိုအစိုးရကို ဆန့်ကျင်၍ မိမိတို့၏ တိုင်းရင်းသားအခွင့်အရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိစေရန် လက် နက်စွဲကိုင်တော်လှန်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပေါင်းများစွာပေါ်ထွက်လာခဲ့သည်။ ဗဟိုအစိုးရ၏ တိုင်းရင်းသားနယ်မြေများမှ သဘာဝသယံဇာတအရင်းအမြစ်များကို စနစ်တကျအမြတ်ထုတ် ခေါင်းပုံဖြတ်မှုကြောင့် စီးပွားရေးအရဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လာပြီး အတောမသတ်နိုင်သည့် ပြည်တွင်းစစ်မီး ဆက်လက်တောက်လောင်နိုင်အောင် မီးထိုးပေးလျက်ရှိသည်။[၁၅]

မြန်မာနိုင်ငံသည် နှစ်ပေါင်း (၆၀) ကျော်မျှ ဆိုးရွားသည့်ပြည်တွင်းစစ်ဒဏ်ကို ရင်ဆိုင်ကြုံတွေ့လာခဲ့ရသည်။ စစ်ဒဏ်ကြောင့် မွစာကျဲလျက်ရှိသည့် နယ်မြေဒေသများသည် မျိုးဆက်တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်းကျင့်သုံး လာခဲ့သည့် မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များဖြင့် တောင်စောင်းစိုက်ပျိုးရေးလုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသည့်တိုင်းရင်းသားလူနည်းစုဝင်တောင်သူလယ်သမားများရှင်သန်နေထိုင်ရာ ဒေသများဖြစ်သည်။ အဆိုပါ လူနည်းစုဝင် တောင်သူလယ်သမားများနှင့် မြေအကြားတွင်ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနှင့် လူမှုရေးအရ အခိုင်အမာဆက်နွယ်ပတ်သက်မှုများလည်းရှိသည်။

*'မြေဆိုတာက ကျွန်တော်တို့အတွက် အရမ်းကို တန်ဖိုးရှိပြီး လေးနက်တဲ့ အဓိပ္ပာယ်ဆောင်တယ်။ မြေကြီးက ကျွန်တော်တို့ရဲ့ ဘဝ ကျွန်တော်တို့ရဲ့ အသွေး အသားထဲစီးဆင်းနေတဲ့ အသက်သွေးကြောဖြစ်တယ်။ မြေကြီးမရှိတော့တဲ့ တစ်နေ့ကျရင် ကျွန်တော်တို့ရဲ့ လူမျိုးရေးလက္ခဏာရပ်တွေလည်း ကွယ်ပျောက်သွားပါလိမ့်မယ်။ မြေကြီးက ကျွန်တော်တို့ရဲ့ ဂုဏ်သိက္ခာပါပဲ။'*

*ကယားပြည်နယ်၊ ဒီမောဆိုးမြို့နယ်၊ ဒေါဆိုရှေ့ကျေးရွာမှ*
*ကယားတောင်သူလယ်သမားတစ်ဦး*

မြေယာလုယူမှုနှင့် လက်နက်ကိုင်ပဋိပက္ခသည် နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်လျက်ရှိပြီး မိသားစုပေါင်းများစွာကို ကစဉ့်ကလျားဖြစ်စေခဲ့ရုံမျှမက လူပေါင်းများစွာကို ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများ (IDPs) သို့မဟုတ် ဒုက္ခသည်များအဖြစ် ယိုင်နဲ့ပြိုလဲနေသည့် စီးပွားရေးနှင့် သေချာရေရာမှုမရှိသည့် နိုင်ငံရေးအခြေအနေများမှ မဖြစ်မနေစွန့်ခွာ ထွက်ပြေးရစေခဲ့ပြီး တရုတ်နှင့် ထိုင်းနိုင်ငံနယ်စပ်တစ်ကြောရှိ ဒုက္ခသည်စခန်းများ၌ ဘဝဆုံးစေလျက်ရှိသည်။

ဒုတိယအချက်အနေဖြင့် မြန်မာနိုင်ငံ၌ ရေ၊ သစ်တောများ၊ သားငါးနှင့် မြေကြီးအောက်ရှိ ရေနံနှင့် သတ္တုကဲ့သို့သော အခြားသဘာဝသယံဇာတအရင်းအမြစ်များနှင့် မြေကို မောင်ပိုင်စီးထိန်းချုပ်လိုသည့် ဩဇာတိက္ကမကြီးမားသော စီးပွားရေးသမားများကြောင့် မြေယာတန်ဖိုးသည် သိသိသာသာမြင့်တက်လာခဲ့သည်။ ဤကဲ့သို့သောပြောင်းလဲမှုပုံစံသည် မြေယာ၊ ရေ၊ သတ္တု၊ သစ်တော၊ သားငါးအရင်းအမြစ်များနှင့် ဆက်စပ်အကျိုးစီးပွားများကို ထိန်းချုပ်ရန် ရည်ရွယ်သည့် အာဏာလက်ဝယ်ရှိရေပေါ်ဆီနိုင်ငံရေးသမားများနှင့်စီးပွားရေးသမားများ၏အထိန်းအကွပ်မဲ့ရှာဖွေငှားရမ်းမှုပုံစံများ၊ တူးဖော်ရေးနှင့် သရဲမရဲအမြတ်ကြီးစားသည့် စီးပွားရေးအလေ့အထများကြောင့် တွန်းအားပေးခံရပြီး အဓိပ္ပာယ်တစ်မျိုးတည်းသက်ရောက်သည့် မြေယာအဖြစ်သို့ ဦးတည်သွားစေသည်။

ဤကဲ့သို့သော လမ်းကြောင်းမျိုးကို မြေယာနှင့်သက်ဆိုင်သည့် အချို့သော ဥပဒေသစ်များနှင့်အမျိုးသားအဆင့်မူဝါဒချမှတ်ရေးလုပ်ငန်းစဉ်များအားဖြင့်တရားဝင်အသိအမှတ်ပြု၍ အားပေးတိုက်တွန်းလျက်ရှိသည်။ မြေယာဥပဒေ အများအပြားကိုတံခါးပိတ်ရေးဆွဲ၍ ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး မြေယာအသုံးပြုမှုအခွင့်အရေးအတွက် တရားဝင်ပြဋ္ဌာန်းချက်များကို ပြောင်းလဲခဲ့သည်။ အထူးသဖြင့် ကုန်းမြင့်တောင်တန်းဒေသများ၌ ပြည်တွင်းနှင့် နိုင်ငံတကာဆိုင်ရာ မြေယာရင်းနှီး

မြှုပ်နှံမှုကို အားပေးအားမြှောက်ပြုရန် တရားဝင်မြေယာဈေးကွက်များကို ထူထောင်လျက်ရှိသည်။

လယ်ယာမြေဥပဒေအရ မြေယာအသုံးပြုမှုမှတ်ပုံတင် (LUCs) ဖြင့် မြေကွက်များကို တရားဝင်အရောင်း အဝယ်ပြုလုပ်ခွင့်ပြုထားပြီး အနောက်နိုင်ငံများ၏ ပုဂ္ဂလိက (တစ်ဦးချင်း) ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခွင့်အရေးအပေါ် အခြေပြုထားသည့် မြေယာဈေးကွက်ကို တရားဝင်ခွင့်ပြုလျက်ရှိသည်။ ပြည်သူလူထုအတွက် အကာအကွယ်ပေးသော ခိုင်မာအားကောင်းသည့် ဘေးဆီးရန်ကာ မူဝါဒများ ချမှတ်ထားခြင်းမရှိဘဲ မြေယာဈေးကွက်ကို စည်းကြပ်ခွင့်ပြုခြင်းသည် နောင်လာမည့်မျိုးဆက်များအတွက် ပြဿနာရပ်များကို လက်ယပ်ခေါ်ပေးသကဲ့သို့ဖြစ်စေသည်။ "ဒီဥပဒေသစ်အရ ဒီမြေပေါ်မှာ မျိုးရိုးစဉ်ဆက်စိုက်ပျိုးစားသောက်လာခဲ့ကြတဲ့ တောင်သူလယ်သမားတွေ အနေနဲ့ ကိုယ့်ရဲ့မြေကို တရားဝင်မှတ်ပုံတင်မှသာ ပိုင်ဆိုင်ခွင့်ရှိတယ်ဆိုတဲ့ သဘောမျိုးဖြစ်နေတယ်။ ကျေးလက်နေလူထုအတွက် မှတ်ပုံတင်လုပ်ငန်းစဉ်ဟာ အလွယ်တကူ လက်လှမ်းမီနိုင်တဲ့အရာ မဟုတ်တော့ မြေယာမူဝါဒတွေက သူတို့ကို အန္တရာယ်တွင်း ထဲတွန်းပို့သလိုဖြစ်နေတယ်။ အများအားဖြင့်တော့ သူတို့ဟာ ကူရာမဲ့နေသူတွေ ဖြစ်တယ်။"[၁၆]

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း (VFV) ဥပဒေအရ ခေါင်းစဉ်တစ်ခုခုတပ်၍ လက်ရှိလုပ်ကိုင်နေခြင်းမရှိသည့်မြေကို 'ပြုန်းတီးဥစ္စာဓန' အဖြစ် သဘောထားသည်။ ဗဟိုအစိုးရအနေဖြင့် မှတ်ပုံတင်ထားခြင်းမရှိသော သစ်တောမြေများနှင့် လယ်ယာမြေများကို ပြန်လည်ဖော်ထုတ်သတ်မှတ်နိုင်သည်။ ကုန်းမြင့်ဒေသ ရွှေ့ပြောင်းတောင်ယာမြေများကို အထူးသဖြင့် ပလပ်မြေများအဖြစ် သတ်မှတ်၍ မြေနိမ့်ဒေသရှိမြေများကို မြေလွတ်၊ မြေလပ် သို့မဟုတ် မြေရိုင်းအဖြစ် သတ်မှတ်ပြီး ပြည်တွင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ပြန်လည်ချပေးနိုင်သည်။ ဤပြဋ္ဌာန်းချက်သည် ကျေးရွာအစုအဖွဲ့ပိုင်သစ်တောများ၊ ရေခံဂန်းကျင်များ၊ ငါးကန်များနှင့် စားကျက်မြေကဲ့သို့သော ကျေးရွာလူထုမှစီမံခန့်ခွဲလျက်ရှိသည့်အရင်းအမြစ်များအတွက်လည်းအကျုံးဝင်လျက်ရှိသဖြင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် မဖြစ်မနေအရေးပါနေသော်လည်း လိုသလိုဆွဲ၍ ခေါင်းစဉ်တပ် သိမ်းဆည်းနိုင်သကဲ့သို့ဖြစ်နေသည်။ ဥပဒေအရ စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးရေးအတွက် အများဆုံး ဧက ၅၀၀၀၀ အထိ နှစ်ပေါင်းသုံးဆယ် ငှားရမ်းရယူ၍ ပြန်လည် သက်တမ်းတိုးနိုင်ချေကိုလည်း ခွင့်ပြုထားသည်။

အဆိုပါနယ်မြေများအတွင်း နေထိုင်၍ လုပ်ကိုင်စားသောက်လာခဲ့ကြပြီး

နောင်အနာဂတ်တွင်လည်း ဆက်လက် လုပ်ကိုင်စားသောက်ရန် ရည်မှန်းထားသူများ အတွက် ၎င်းတို့၏မြေယာများကို 'မြေလွတ်မြေ' အဖြစ် သတ်မှတ်၍ လုယူခြင်းသည် အခြေအမြစ်မရှိ ထိပါးစော်ကားခြင်းသက်သက်သာဖြစ်သည်။ မြေလွတ်ဟု ၎င်းတို့ ခေါ်ဆိုလျက်ရှိသည့် မြေမျိုးဘယ်သောအခါကမျှ ရှိခဲ့ဖူးခြင်းမရှိသဖြင့်အဓိပ္ပာယ်မရှိ ဟုဆိုခြင်းဖြစ်သည်။

---

*'"မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်း" ဆိုပြီးတော့ မြေအမျိုးအစား ခွဲခြားသတ်မှတ်တာကို ကျွန်တော်တို့ လက်မခံနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တိုင်းရင်းသားဒေသတွေမှာ "မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်း"ဆိုတာ မရှိလို့ပါ။'*

*- မြန်မာနိုင်ငံ၏ အမျိုးသားမြေအသုံးချမှုမူဝါဒမူကြမ်းနှင့် ပတ်သက်၍ ပြုလုပ်ခဲ့သည့်တိုင်းရင်းသားရပ်ရွာလူထုများဖွံ့ဖြိုးတိုးတက်ရေးညီလာခံနှင့်ခလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ကော်မတီ၏ ထုတ်ပြန်ကြေညာချက်မှ ကောက်နုတ်ထားခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၆ ရက်၊ မဲဆောက်မြို့။*

ဤမြေယာဥပဒေသစ်များကြောင့် ရပ်ရွာလူထုများစွာ၏ မြေယာများ လက်လွှတ်ဆုံးရှုံးသွားစေရန် ခြိမ်းခြောက်မှုများ ရှိနေပြီး နယ်မြေအများအပြားသည်လည်း သယံဇာတအရင်းအမြစ် ထုတ်ယူမှု၊ စီးပွားဖြစ်စိုက်ပျိုးရေးစီမံကိန်း လုပ်ပိုင်ခွင့်များနှင့် အကြီးစားအခြေခံအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများအတွက် ပစ်မှတ်ထားခံရလျက်ရှိသည်။ ဤဥပဒေသစ်များသည် ယင်းနယ်မြေဒေသများ၌ နေထိုင်လျက်ရှိသူများ၏ သစ်တောမြေများနှင့် လယ်ယာမြေများကို အသုံးပြုခြင်းနှင့် စီမံခန့်ခွဲရန်အတွက် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်များအပါအဝင် မြေယာအခွင့်အရေးများကို ထည့်သွင်းစဉ်းစားပေးခြင်းမရှိ အားပျော့အောင်လုပ်ထားသကဲ့သို့ ၎င်းတို့၏ အစားအစာနှင့် ရေအပါအဝင် အခြားရပိုင်ခွင့် အခွင့်အရေးများကိုလည်း ဥပေက္ခာပြုလျက်ရှိသည်။ တစ်ဆက်တည်းတွင် သက်ဆိုင်ရာနယ်မြေဒေသများ၌ ယခင်က နေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြသည့် ထောင်ပေါင်းများစွာသော ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများ၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ နေရပ်ပြန်နိုင်ရေး အခွင့်အရေးများကိုလည်း ကြိုတင်ဟန့်တား ပိတ်ပင်လျက်ရှိသည်။

တတိယအချက်အနေဖြင့် တအုံနွေးနွေး မီးခဲပြာဖုံးဖြစ်နေသည့် မြေယာပြဿနာသည် အခြားသောမြေယာလုယူမှု လှိုင်းဂယက်ပုံစံအသစ်များ စတင်လာပြီး

နောက်အရှိန်အဟုန်ဖြင့်လောင်ကျွမ်းပေါက်ကွဲရန်တာစူသည့်ပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။ မြေယာသိမ်းဆည်းမှုများမှတစ်ဆင့် ယခင်အချိန်က အဓိကအားဖြင့် ထိခိုက်လွယ်သည့် ဆင်းရဲသားနင်းပြားများနှင့် အခြေခံလူထုလူတန်းများနေထိုင်အသုံးပြုခဲ့သည့် မြေယာများကို အခြားရည်ရွယ်ချက်များအတွက် အသုံးပြုရန် ရည်ရွယ်သည့် ပြင်ပဇာတ်ကောင်များလက်သို့ လွှဲပြောင်းရောက်ရှိသွားခဲ့သည်။ ၂၀၁၀ ခုနှစ်မှ စတင်ခဲ့သည့် မြေယာလုယူမှုလှိုင်းသစ်မှာ ယခင်အချိန်က မြေယာလုယူမှုပုံစံများဖြင့် တစ်နည်းတဖုံဆက်စပ်နေပြီး ထပ်ဆောင်းဖြစ်ပွားလာခဲ့ခြင်းဖြစ်သည်။ အထောက်အထားများအရ ယခင်လှိုင်းများ၌ အသိမ်းဆည်း ခံခဲ့ရသည့် မြေပမာဏသည် အလွန်ကြီးမားကျယ်ပြန့်၍ လက်ရှိမြေယာသိမ်းဆည်းမှုလှိုင်းအောက်တွင် ဆုံးရှုံးခဲ့သည့် ပမာဏထက် များစွာပိုလွန်နိုင်ကြောင်း ဖော်ညွှန်းလျက်ရှိသည်။

ရလဒ်အနေဖြင့် မည်သည့်အရာများ ဆုံးရှုံးရလျက်ရှိသနည်း။ ဆုံးရှုံးမှုနှင့်ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုနိုင်ပြီး မြေကို ကျဉ်းမြောင်းသည့် စီးပွားရေးအရ သာဘောင်ကွပ်ထားသည့်ရှုထောင့်များ၏ အခြားတစ်ဖက်၌ မြေအသုံးပြုမှုပုံစံအမျိုးမျိုးနှင့် ဆက်နွယ်ပတ်သက်မှုပုံစံအမျိုးမျိုးရှိနေသည်။ မြန်မာနိုင်ငံသူနိုင်ငံသားများအတွက် အဓိပ္ပာယ်လေးနက်သည့် မြေကို စီးပွားရေးအကျိုးအမြတ် ရှုထောင့်တစ်ခုတည်းအဖြစ် လျှော့ချ၍မရနိုင်ပေ။ ယနေ့ခေတ် ပြည်တွင်းနှင့် နိုင်ငံတကာမှုဂါဒချမှတ်သူများမှ ပို၍ဥပေက္ခာပြုလာသည့် သို့မဟုတ် မျက်ကွယ်ပြု လာသည့်အချက်မှာ မြေကြီးနှင့် တိုက်ရိုက်နှောင်ဖွဲ့ထားသည့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ပါဝင်သည့် ရိုးရိုးသာမန်ပြည်သူများ၏မြေပေါ်တွင်နေထိုင်ခြင်း(သို့)နေရပ်ပြန်ရေးဆိုင်ရာသဘောထားများဖြစ်သည်။ မြေနှင့် ၎င်းတို့၏ဆက်နွယ်ပတ်သက်မှုဆိုင်ရာ လေးနက်သည့်သဘောတရားများကိုထင်ဟပ်ဖော်ပြလျက်ရှိသည့်၎င်းတို့၏နောက်ခံဖြစ်ရပ်များသည် အလွန်အရေးပါပြီး စိတ်ဝင်စားဖွယ်ရာအတိဖြစ်သည်။ အောက်တွင် အဆိုပါအမြင်သဘောထားများနှင့် ၎င်းတို့၏ အသံအချို့ကို ဖော်ပြထားပါသည်။

**မြေသည်အသက်မွေးဝမ်းကျောင်းနှင့် ဘဝ၏ ဂုဏ်သိက္ခာဖြစ်သည်။**
**မြေမရှိခြင်းသည် ဂုဏ်သိက္ခာနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်မရှိခြင်း၊**
**ကျွန်ပြုခံရခြင်း၊ ရှန်းကန်လှုပ်ရှားရခြင်း၊ ကစဉ့်ကလျားဖြစ်ခြင်းနှင့် ခက်ခက်ခဲခဲ**
**အသက်ရှင်နေထိုင်ရခြင်းဖြစ်သည်။**

*"ကျွန်တော်က ပညာမတတ်တဲ့ သာမန်လယ်သမားတစ်ဦးပါ။ ဒါပေမယ့် လယ်သမားတစ်ဦးအနေနဲ့ ဘယ်လိုစိုက်ပျိုးပြီး ဘယ်လိုမြေကြီးပေါ် မှာ လုပ်ကိုင်စားသောက်ရမလဲဆိုတာကို ကောင်းကောင်းသိတယ်။ မြေကြီးက ကျွန်တော်တို့ရဲ့ ဘဝပါပဲ။ လူတွေ (အာဏာပိုင်များ) က ကျွန်တော်တို့နဲ့ ဆွေးနွေးပြီး ညှိနှိုင်းတိုင်ပင်တာတွေ မလုပ်ဘဲနဲ့ ကျွန်တော်တို့ရဲ့ မြေတွေကို သိမ်းပြီးတော့ အဆောက်အဦးကြီးတွေ ဆောက်ပစ်လိုက်ကြတယ်။ အခုတော့ ကျွန်တော်တို့ လုပ်ကိုင်စားသောက်ဖို့ မြေကြီးလဲမရှိတော့ဘူးဆိုတော့ တစ်ခြားနေရာမှာ ဘယ်လိုလုပ်ကိုင်စားသောက်ရမှန်းလည်းမသိတော့ဘူး။ ကျွန်တော်တို့အတွက် လုပ်ကိုင်စားသောက်ဖို့ မြေကြီးမရှိဘဲနဲ့ အသက်ရှင်ရပ်တည်ဖို့ အင်မတန်ခက်ခဲပါတယ်။" တောင်သူတစ်ဦး၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်း။*

---

*"ကျွန်တော်တို့ ခြံထဲမှာ ဟင်းသီးဟင်းရွက်နဲ့ ခရမ်းချဉ်သီးတွေစိုက်သလို တောင်ယာလည်းလုပ်ပါတယ်။ မြေဟာ ကျွန်တော်တို့အတွက် တန်ဘိုးမဖြတ်နိုင်သလို မိသားစုရှင်သန်နေထိုင်ဖို့လည်း မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်တယ်။" တောင်သူတစ်ဦး၊ မီးသွေးချောင်းကျေးရွာ၊ ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။*

---

*"မြေဟာ ကျွန်တော်တို့ရဲ့ အသက်သွေးကြောလိုပဲ ကျွန်တော်တို့ရှင်သန်နေထိုင်ဖို့အတွက် အသက်တမျှအရေးပါတယ်။ ကျွန်တော်တို့ရဲ့ မြေသိမ်းခံရပြီးနောက်ပိုင်းမှာ အသက်မွေးဝမ်းကျောင်းဖို့ ဘာဆက်လုပ်ရမှန်းကို မသိတော့ဘူး။ ကျွန်တော်တို့အတွက် အရမ်းကို ခက်ခဲကျပ်တည်းလာပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော် လောက်ကတည်းက ဒီမြေပေါ် မှာပဲ လုပ်ကိုင်စားသောက်လာခဲ့ပြီး နှစ်ရှည်ပင်တွေလည်း စိုက်ထားတယ်။ ဒါပေမဲ့ အခုတော့ အသိမ်းခံလိုက်ရပြီ။" တောင်သူတစ်ဦး၊ နန်းကွေ့ကျေးရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။*

မြေသည် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် ကျွန်ပြုခိုင်းစေမှုမှ လွတ်လပ်စေသည့်အရာဖြစ်သည်။ မြေသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်သည်။ ကိုယ်ပိုင်လယ်ယာမြေရှိခြင်းအားဖြင့် ယင်းမြေပေါ်၌ မည်သည့်စားပင်သီးနှံအမျိုးအစားကို မည်သို့စိုက်ပျိုးထွန်ယက်မည်၊ အိမ်မွေးတိရိစ္ဆာန်များကို မည်သည့်နေရာ၌ စားကျက်လွှတ်မည်၊

သေဆုံးသူများကို မည်သည့်အရပ်၌ မြေမြှုပ်သင်္ဂြိုလ်မည်၊ ရေရှည်အနာဂတ်အတွက် မည်ကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်မည် စသည်ဖြင့် ဆုံးဖြတ်ပိုင်ခွင့် ရရှိစေသည်။

## မြေကို အောက်မေ့သတိရခြင်းဖြင့် အမွေဆက်ခံမှု

---

"ကျွန်တော်တို့အတွက် မြေဟာအရမ်းကို အဓိပ္ပာယ်လေးနက်ပါတယ်။ အသက်မွေးဝမ်းကျောင်းဖို့ သက်သက် အတွက်သာမက မျိုးဆက်တစ်ခုပြီးတစ်ခု မှီခိုအားထားပြီး လုပ်ကိုင်စားသောက်နိုင်စေတဲ့ အမွေအနှစ်ဆိုလည်း မမှားပါဘူး။" တောင်သူတစ်ဦး၊ တာမိုးညဲမြို့ ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။

---

"မြေဆိုတာက ကျွန်တော်တို့ အသက်ရှင်ရပ်တည်ဖို့နဲ့ အသက်မွေးဝမ်းကျောင်းဖို့ သဘာဝတရားကပေးထားတဲ့ မှီခိုအားထားရာ လက်ဆောင်မွန်တွေထဲက အရင်း အမြစ်တစ်ခုဖြစ်တယ်။ ကျွန်တော့်မှာ သူတို့ကိုအမွေပေးဖို့ မြေမရှိတဲ့အတွက် လာမဲ့နောက်မျိုးဆက်တွေအတွက် ကျွန်တော်အရမ်းစိုးရိမ်မိတယ်။ ရေရှည်မှာ မြေကြီးကပဲ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို အာမခံပေးနိုင် တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။" တောင်သူတစ်ဦး၊ မီးတောက်ကျေးရွာ၊ ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။

---

"မြေဟာ ကျွန်မနဲ့ ကျွန်မရဲ့မိသားစုအတွက် အရမ်းအရေးပါပြီး တန်ဖိုးရှိတယ်။ ကျွန်မယောကျ်ားကွယ်လွန် သွားတဲ့နှစ်မှာပဲ ကျွန်မတို့မြေ အသိမ်းခံလိုက်ရတယ်။ ကျွန်မယောကျ်ားက လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက် ကတည်းက ကျွန်မတို့ ခြံထဲမှာ ဝါးပင်တွေစိုက်လာခဲ့တဲ့အတွက် အခုဆိုရင် ဝါးပင်တွေတောင် တော်တော် ကြီးနေပြီ။ ဒီမြေကို ကျွန်မအဖွားဆီကနေ အမေအမွေရပြီး အဲဒီကနေ ကျွန်မဆီ အဆင့်ဆင့်ဆင်းသက်လာခဲ့တာပါ။ ကျွန်မရဲ့ မြေပေါ်မှာ ပြန်ပြီးလုပ်ကိုင်စား သောက်ချင်ပါတယ်။" အမျိုးသမီးတောင်သူတစ်ဦး၊ ရွှေပြည်သာရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။

## မြေသည် မိသားစု၏ ဂုဏ်သိက္ခာဖြစ်ပြီး မိသားစုကို အတူတကွရှိစေသည်။

---

"ကျွန်တော်တို့ ဘိုးဘွားတွေက ဒီမြေပေါ်မှာပဲ လုပ်ကိုင်စားသောက်ခဲ့ကြပြီးတော့ နောက်မျိုးဆက် (ကျွန်တော်တို့) တွေအတွက် အမွေအဖြစ် လက်ဆင့်ကမ်းပေးခဲ့ကြတာပါ။ ကျွန်တော်တို့က မိသားစုတစ်ခုအနေနဲ့ စည်းစည်းလုံးလုံး လုပ်ကိုင်စားသောက်လာခဲ့ကြပေမဲ့ အခုတော့ ကျွန်တော်တို့ရဲ့ မိသားစုဝင်တွေ တစ်ယောက်တစ်ကွဲတစ်ပြားစီ ခွဲပြီးလုပ်ကိုင်စားသောက်နေကြရပြီ။ အခုတော့ ကျွန်တော်တို့ဆီမှာ လုပ်ကိုင်စားသောက်ဖို့ မြေလည်းမရှိတော့ဘူး။ တစ်ချို့ကတော့နိုင်ငံရပ်ခြားကို ရွှေ့ပြောင်းအလုပ်လုပ်နေပြီး အခြားသူတွေကတော့ မြို့ထဲမှာ တစ်နေ့ရာစား နေ့စားလိုက်လုပ်နေရတယ်။" တောင်သူတစ်ဦး၊ လွယ်စန့်ကျေးရွာ၊ နမ့်ဆန်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။

---

"မြေက ကျွန်တော့်မိသားစုကို စည်းလုံးညီညွတ်စေတယ်။ အရင်တုန်းက မြေကြီးရှိခဲ့တုန်းကတော့ ကျွန်တော်တို့ မိသားစုတွေ အလုပ်တူတူလုပ်ပြီး အဲဒီမြေကို စိုက်ပျိုးထွန်ယက်ခဲ့ကြတယ်။ မြေကြီးအပေါ် မှီခိုပြီး ကျွန်တော်တို့မိသားစုအသက်မွေးဝမ်းကျောင်းခဲ့ကြတာပေါ့။ ကျွန်တော့်ဘဝနဲ့ မိသားစုလိုပဲ မြေကြီးအပေါ် ကျွန်တော်ချစ်ခင်တွယ်တာတယ်။ နောက်ပြီးတော့ ဒီမြေကြီးဟာ ကျွန်တော်တို့ မိသားစု အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် အခြေခံအုတ်မြစ်ဖြစ်ခဲ့တယ်။ ဒီမြေတွေကိုသာ ပြန်မရတော့ဘူးဆိုရင် ကျွန်တော့်မိသားစုရဲ့ အနာဂတ်ဟာ မတွေးရဲစရာပဲ။" တောင်သူတစ်ဦး၊ မင်္ဂလာရပ်ကွက်၊ အောင်ပန်းမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။

---

"ကျွန်တော်တို့လုပ်ကိုင်စားသောက်နိုင်တဲ့ ကျွန်တော်တို့ရဲ့မြေတွေမရှိတော့ဘူး။ ကျွန်တော့်သားသမီးတွေက တစ်ခြားနိုင်ငံမှာ ရွှေ့ပြောင်းအလုပ်လုပ်နေရတော့ သူတို့ရဲ့လုပ်ငန်းခွင်ဝန်းကျင်ကို ကျွန်တော်စိတ်ပူနေရတယ်။ ကျွန်တော်သူတို့နဲ့ အတူနေချင်ပါတယ်။ ကျွန်တော့်သားသမီးတွေ ပြန်လာပြီး တစ်နေရာထဲမှာ မိသားစု စုစုစည်းစည်းနဲ့ လုပ်ကိုင်စားသောက်နိုင်ဖို့ ကျွန်တော့်ရဲ့မြေတွေကို ပြန်လိုချင်ပါတယ်။" တောင်သူတစ်ဦး၊ ပိန်းညောင်ကျေးရွာ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။

**မြေကြီးသည်မျိုးဆက်တစ်ခုမှတစ်ခုသို့ဆင်းသက်လာသည့်မိသားစုဆင့်ကဲဖြစ်စဉ်ဖြစ်သည်။ မြေသည်မျိုးဆက်တစ်ခုမှ နောက်မျိုးဆက်တစ်ခုသို့ လက်ဆင့်ကမ်းဆင်းသက်လာသည့် အသိပညာဖြစ်သည်။**

"မွေးကတည်းက ဒီမြေပေါ်နေပြီး ကျွန်တော်တို့မိသားစု အသက်ရှင်ရပ်တည်ဖို့ အတွက်မှီခိုအားထားလာရတဲ့ ထမင်းအိုးမို့လို့ ကျွန်တော်တို့အတွက် အရမ်းတန်ဖိုးရှိတယ်။ ကျွန်တော်တို့ ထမင်းအိုးအပျောက် မခံချင်သလို ဟိုးရှေးဘိုးဘေးတွေဆီက အဆက်ဆက်အမွေဆက်ခံလာခဲ့တဲ့ ကျွန်တော်တို့ရဲ့မြေကိုလည်း အရမ်းတန်ဖိုးထားတယ်။ ဒီမြေသာမရှိရင် ကျွန်တော်တို့ရဲ့ နောက်မျိုးဆက်တွေ အနေနဲ့ ရှင်သန်နေထိုင်ဖို့အတွက် သေချာရေရာမှုမရှိတဲ့ အလုပ်တွေမှာ ကျွန်သာသာခိုင်းဖက်တွေဖြစ်ကုန်မှာကို အရမ်းစိုးရိမ်တယ်။" တောင်သူတစ်ဦး၊ တာပတ် (အရှေ့) ကျေးရွာ၊ မအူပင် မြို့နယ်၊ ဧရာဝတီတိုင်း။

"ကျွန်တော်တို့ရဲ့မြေကို တန်ဖိုးဖြတ်လို့မရဘူး။ မြေက ကျွန်တော်တို့အတွက် အရမ်းအဓိပ္ပာယ်လေးနက်ပြီး ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေလက်ထက်ကတည်းက အစဉ်အဆက် ဒီမြေပေါ်မှာ ရိုးရာအစဉ်အလာအတိုင်း စိုက်ပျိုးစားသောက်လာခဲ့ကြတာပါ။ ဒီမြေပေါ်မှာ ကျွန်တော်တို့စပါးစိုက်ပြီးတော့ နွေရာသီမှာကျတော့ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးတယ်။ မိသားစုဝင်အားလုံးရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်တဲ့ ဝင်ငွေအလုံအလောက်ရပြီး အစားအစာအတွက်လည်းပူပန်စရာမလိုဘူး။" တောင်သူတစ်ဦး၊ ထားဝယ်မြို့၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်း။

**မြေသည် လူသားတို့၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကို ချိတ်ဆက်ထားသည့် ကွင်းဆက်တစ်ခုဖြစ်ပြီး အတိတ်ကာလနှင့် လက်ရှိပစ္စုပ္ပန်သာမက နောင်လာမည့် အနာဂတ်ဘဝများကိုပါ ဆက်စပ်ပေးလျက်ရှိသည်။**

"မြေကြီးဟာ ကျွန်တော့်ရဲ့ ဘဝလိုပါပဲ။ ပြီးတော့ ကျွန်တော်တို့ မိသားစုရဲ့ စားဝတ်နေရေးကလည်းမြေကြီးပေါ်မှာမှီခိုနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ အရင်လို ဘဝမျိုးနဲ့ အနာဂတ်ကို ပြန်လိုချင်ပါတယ်။" တောင်သူတစ်ဦး၊ ပမ္မတီးရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။

"မြေကြီးက ကျွန်တော်တို့ရဲ့ သမိုင်းကို သယ်ဆောင်လာပေးတယ်။ ကျွန်တော်တို့ ဘိုးဘွားတွေခေတ် တော်လှန်ရေးကောင်စီတုန်းက သူတို့နိုင်ငံအတွက် တိုက်ပွဲဝင်ခဲ့ပြီး ကိုယ့်မြေကိုရယူခဲ့ကြတယ်။ အဲဒီနောက် သူတို့တွေ ဒီမြေပေါ်မှာနေ ဒီမြေပေါ်မှာ လုပ်ကိုင်စားသောက်ပြီး ဒီမြေတွေကို သားစဉ်မြေးဆက်အဆင့်ဆင့် အမွေအနေနဲ့ လက်ဆင့်ကမ်းပေးခဲ့ကြတယ်။ မြေက သူတို့ကို သတိရအောက်မေ့စရာလည်းဖြစ်တယ်။" တောင်သူတစ်ဦး၊ အမှတ်(၅)ရပ်ကွက်၊ နမ့်ဆန်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။

---

"ကျွန်တော်တို့ လက်ထဲမှာ မြေရှိတုန်းက ဒီမြေပေါ်မှာ မိသားစုအတူတကွ လုပ်ကိုင်စားသောက်ခဲ့ကြပြီး ကလေးသူငယ်တွေကိုလည်း ကောင်းကောင်းပြုစုစောင့်ရှောက်နိုင်ခဲ့သလို သူတို့နားမှာ လိုအပ်တာတွေ ဖြည့်ဆည်းပေးနိုင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့မြေအသိမ်းခံလိုက်ရပြီးနောက်ပိုင်းမှာ နေထိုင်စားသောက်ဖို့ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရပြီး နေ့စားအလုပ်တွေ လိုက်ရှာလုပ်ရင်း မိသားစုတွေ တကွဲတပြားဖြစ်ကုန်တယ်။ ကလေးတွေကိုလည်း အနီးကပ် မစောင့်ရှောက်နိုင်တော့သလို သူတို့ရဲ့ လိုအပ်ချက်တွေကိုလည်း မထောက်ပံ့နိုင်တော့ဘူး။ ရွာထဲမှာဆိုရင် ကလေးတွေနဲ့ လူငယ်လေးတွေ အတော်များများ ကျောင်းထွက်လိုက်ကြရသလို လုပ်ကိုင်စားသောက်ဖို့မြေကြီးလည်း မရှိတော့ဘူး။ အဲဒီမှာ တစ်ချို့သောလူငယ်တွေက မူးယစ်ဆေးဝါးတွေ စသုံးတတ်လာပြီးတော့ ရပ်ရွာထဲမှာ ဖြန့်ဖြူးရောင်းချမှုတွေ စလုပ်လာကြတယ်။ မြေကြီးဟာ အနာဂတ်လူငယ်လေးတွေရဲ့ အနာဂတ်ဆိုရင်လည်း မမှားပါဘူး။"
တောင်သူတစ်ဦး၊ ပမ္မတီးရပ်ကွက်၊ မြစ်ကြီးနားမြို့ ၊ ကချင်ပြည်နယ်။

## မြေသည် လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်လက္ခဏာရပ်ဖြစ်သည်။

---

"ကျွန်တော့်အတွက် မြေမရှိလို့မဖြစ်ဘူး။ အထူးသဖြင့် ကျွန်တော်တို့ရဲ့ စားဝတ်နေရေးက ဒီမြေအပေါ်မှာ မှီတည်နေတယ်။ ကျွန်တော်က လယ်သမားတစ်ဦးဖြစ်တဲ့အတွက် မြေမရှိဘဲ ထွန်ယက်စိုက်ပျိုးလို့ မရပါဘူး။ ကျွန်တော်မွေးကတည်းက ဒီမြေကိုပဲ ထွန်ယက်ပြီး စိုက်ပျိုးစားသောက်လာခဲ့ကြတဲ့အတွက် မြေကြီးမရှိဘဲတစ်ခြားဘာမှ မလုပ်တတ်သလိုဖြစ်နေတယ်။"
တောင်သူလယ်သမားတစ်ဦး၊ ဂါးမရမ်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။

## မြေသည် တိုင်းရင်းသားလက္ခဏာရပ် - မြေသည်ပင် လူမှုအသိုက်အဝန်းဖြစ်သည်။

"ကျွန်တော်တို့အတွက်မြေကအရမ်းကိုလေးနက်တဲ့အဓိပ္ပာယ်ရှိတယ်။ ဒီမြေကို ကျွန်တော်တို့ အရမ်းတန်ဖိုးထားသလို ကျွန်တော်တို့ရဲ့ဘဝနဲ့ အသက်သွေး ကြောပါပဲ။ ကျွန်တော်တို့ကိုယ်ပိုင်မြေမရှိတော့ဘူးဆိုရင် (ကယား)လူမျိုးလည်း ပျောက်သွားလိမ့်မယ်။ မြေဟာ ကျွန်တော်တို့ရဲ့ ဂုဏ်သိက္ခာပါပဲ။" တောင်သူတစ်ဦး၊ ဒေါ်ဆိုရှေ့ကျေးရွာ၊ ဒီမောဆိုမြို့နယ်၊ ကယားပြည်နယ်။

"ကျွန်တော်တို့ရဲ့ ရပ်ရွာထဲမှာ အများပိုင်မြေရှိသင့်တယ်။ အဲဒီမှာ ဆေးပေးခန်း၊ မူကြိုနဲ့ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးရုံးခန်း တည်ဆောက်ဖို့အတွက် လျာထားခဲ့ တယ်။ ဒါပေမဲ့ကျွန်တော်တို့ရဲ့အများပိုင်မြေနေရာအသိမ်းခံလိုက်ရတဲ့အတွက် ပြန်ပေးဖို့ ကျွန်တော်တို့ ဆန္ဒဖော်ထုတ်နေပါတယ်။" တောင်သူတစ်ဦး၊ ထန်းတပင်ကျေးရွာ၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။

## မြေသည် ပညာရေးနှင့် ကျန်းမာရေးဖြစ်သည်။

"မိသားစုအတွက် အစားအစာနဲ့ ကလေးတွေရဲ့ ပညာရေးကို ထောက်ပံ့ပေးဖို့ ဒီမြေအပေါ်မှာပဲ မှီခိုနေရတယ်။ ကိုယ့်မြေပေါ်မှာပဲ ထွန်ယက်စားသောက်လို့ ရတဲ့အတွက်ကျွန်မတို့ရဲ့လိုအပ်ချက်တွေအတွက်စိတ်ပူစရာမလိုဘူး။ မိသားစု အတွက် စားဖို့လုံလောက်သလို မိသားစုအတွက် မြေဟာအရာရာပါပဲ။" အမျိုးသမီး တောင်သူတစ်ဦး၊ ထန်းတပင်ကျေးရွာ၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။

"ဒီမြေပေါ်မှာ တစ်နှစ်လောက် ကြိုးကြိုးစားစား အလုပ်လုပ်ပြီးရင် နောက်နှစ်မှာ ဘာမှလုပ်စရာမရှိခဲ့ရင်တောင် မိသားစုအတွက် နှစ်နှစ်လောက်စားလို့ရတဲ့ အစားအစာကို ထောက်ပံ့ပေးနိုင်တယ်။ အခုတော့ လုပ်ကိုင်စားသောက် စရာမြေကြီးလည်းမရှိတော့တဲ့အတွက် စားဝတ်နေရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်နေရတယ်။ စားဖို့သောက်ဖို့ အမြဲစိတ်ပူနေရသလို မိသားစုထဲက ကလေးတွေရဲ့ ပညာရေးနဲ့ ကျန်းမာရေးကို ထောက်ပံ့ပေးနိုင်ဖို့လည်း အာမခံ ချက်မရှိတော့ဘူး။" တောင်သူတစ်ဦး၊ ခေးနင်းကျေးရွာ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။

## မြေသည် ဘေးကင်းလုံခြုံရေးနှင့် အာမခံဖြစ်သည်။

"ကျွန်တော်တို့ ဒီမြေပေါ်မှာ နေထိုင်လာတာ နှစ်ပေါင်းမနည်းတော့ဘူး။ ကျွန်တော်တို့ရဲ့ ဘဝနဲ့ စားဝတ်နေရေးက ဒီမြေပေါ်မှာ မှီတည်နေတယ်။ ကိုယ့်မြေပေါ်မှာ နေထိုင်ပြီး လုပ်ကိုင်စားသောက်ရတာ လုံခြုံမှုရှိတယ်လို့ ခံစားရတယ်။ လုပ်ကိုင်စားသောက်ဖို့ မြေရှိမယ်ဆိုရင် ကျွန်တော်တို့ မိသားစုလိုအပ်တဲ့ အစားအစာ၊ အသက်မွေးဝမ်းကျောင်း၊ ငွေနဲ့ အခြားအရာတွေအားလုံး အာမခံချက်ရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြေကိုဆုံးရှုံးလိုက်ရပြီး နောက်ပိုင်း အနာဂတ်အတွက် အမြဲတွေးပူနေရတယ်။" တောင်သူတစ်ဦး၊ ဒေါလောခူကျေးရွာ၊ ဖရူဆိုမြို့နယ်၊ ကယားပြည်နယ်။

"မြေက ကျွန်မတို့ မိသားစုကို အာမခံချက်ပေးတယ်။ အခုတော့ လုပ်ကိုင်စားသောက်စရာ မြေမရှိတော့တဲ့ အတွက် မိသားစုဝင်တွေအနေနဲ့ တစ်ခြားနိုင်ငံမှာ သွားပြီးအလုပ်လုပ်ကြရတယ်။" အမျိုးသမီးတောင်သူတစ်ဦး၊ ကမြောကင်းကျေးရွာ၊ ထားဝယ်မြို့ နယ်၊ တနင်္သာရီတိုင်း။

"ကျေးရွာထဲမှာ ရွာပိုင်စားကျက်မြေဆိုတာရှိတယ်။ ကျွန်တော်တို့ရဲ့ ကျွဲနွားတွေ အိမ်မွေးတိရိစ္ဆာန်တွေကို ဒီနေရာမှာ စားကျက်လွှတ်ထိန်းကျောင်းလို့ရတယ်။ စားကျက်မြေမရှိတော့ဘူးဆိုရင် ကျွန်တော်တို့ရဲ့ ကျွဲနွားတွေကို ဘယ်နေရာမှာ သွားထိန်းမလဲ။ ပြီးတော့ အဲဒီနေရာမှာ စားပင်သီးနှံတွေကလည်း သဘာဝအတိုင်းပေါက်နေတဲ့အတွက် ဘယ်သူမဆို အဲဒီမြေက ဟင်းသီးဟင်းရွက်တွေကိုခူးစားလို့ရတယ်။"တောင်သူတစ်ဦး၊ပါဂျောင်ကျေးရွာ၊ကွတ်ခိုင်မြို့နယ်မှ ၃၈ မိုင်အကွာ၊ ရှမ်းပြည်နယ်မြောက်ပိုင်း။

"မြေဆိုတာက ကျွန်တော်တို့ကို မွေးဖွားပြီး ကျွေးမွေးပြုစုတဲ့ မိခင်ဆိုလည်းမမှားပါဘူး။ အခုတော့ ကျွန်တော့်မှာ ကိုယ်ပိုင်မြေဆိုတာလည်း မရှိတော့တဲ့အတွက် ကြုံရာကျပန်း နေ့စားအလုပ်လုပ်နေရတယ်။" တောင်သူတစ်ဦး၊ ရွှေပြည်သာ (၂) ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။

"ကျွန်တော်တို့ အရွယ်ရောက်လာတာနဲ့ ဒီမြေပေါ်မှာ ထွန်ယက်စိုက်ပျိုးပြီးတော့

မိသားစုစားဝတ်နေရေးနဲ့ လိုအပ်တဲ့အစားအစာတွေကိုထောက်ပံ့ပေးနိုင်တယ်။ ဒီမြေကို ကျွန်တော်တို့ရဲ့ မိဘတွေဆီက အမွေရထားတဲ့အတွက် မရှိမဖြစ်အရေး ပါနေတယ်။ ဒီမြေကို ကျွန်တော်တို့ တန်ဖိုးမဖြတ်နိုင်ပါဘူး။" တောင်သူတစ်ဦး၊ ဝါးမရမ်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။

## မြေကို တန်ဖိုးဖြတ်၍ မရနိုင်ပေ။ ဆုံးရှုံးသွားခဲ့ရသည့် မြေအတွက် ပေးအပ်သည့် လျော်ကြေးသည် ဘယ်သော အခါမျှ လုံလောက်မည်မဟုတ်ပေ။

"မြေဆိုတာ ကျွန်တော်တို့ရဲ့ အသက်သွေးကြောလိုဖြစ်နေတာမို့ အဲဒါမရှိဘဲ ကျွန်တော်တို့ နေထိုင်ရှင်သန်လို့မ ရဘူး။ သစ်ပင်တစ်ပင်ရဲ့ ရေသောက်မြစ်ကို ဖြတ်လိုက်မယ်ဆိုရင် အဲဒီအပင်က ဆက်မကြီးထွားတော့ပဲနဲ့ အနေးနဲ့ အမြန် ဆိုသလို သေဆုံးသွားပါလိမ့်မယ်။ မြေမရှိတဲ့ ကျွန်တော်တို့ရဲ့ ဘဝကလည်း အဲဒီလိုပါပဲ။"တောင်သူတစ်ဦး၊ပမ္မတီးရပ်ကွက်၊မြစ်ကြီးနားမြို့၊ကချင်ပြည်နယ်။

နိုင်ငံအဝှမ်း၌ မြေတစ်ကွက်ချင်းစီ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ သတ်မှတ်ချက်ဘောင်များထက် ကျော်လွန်သည့် ဆက်ဆံရေးမျိုးဖြင့် ဆက်နွယ်ပတ် သက်လျက်ရှိသည့် လူများစွာရှိသည်။ ဤကဲ့သို့သော မြေအပေါ် ကျယ်ပြန့်ပြည့်စုံ၍ လူမှုရေးအရပိုမိုအဓိပ္ပာယ်ပြည့်ဝသည့်အနက်ဖွင့်ဆိုချက်များထဲ၌အသက်သွေးကြော၊ သမိုင်း၊အထွဋ်အမြတ်ထားကိုးကွယ်ယုံကြည်မှုများ၊အိမ်ယာ၊အသက်မွေးဝမ်းကျောင်း၊ ဘေးမဲ့ကြိုးဝိုင်း၊ ကာကွယ်စောင့်ရှောက်မှုများ၊ နေ့စဉ်ရှင်သန်ရာဝန်းကျင်၊ အထွဋ် အမြတ်ထားရာ၊ရေဝေရေလဲ၊အမွေအနှစ်၊ဘဝဂုဏ်သိက္ခာနှင့်နောက်ဆုံးအရေးအကြီး ဆုံးတစ်ချက်မှာ သဘာဝကပေးသော လက်ဆောင်မွန်ဖြစ်သည်။

## ၃။ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ဆွေးနွေးတဲ့နေရာမှာ မြေက ဘယ်လိုပါဝင်ဆက်စပ်နေသလဲ။

ကမ္ဘာအနှံ့ရှိ မြေယာတိုင်း အဖိုးတန်လျက်ရှိပြီး အထူးသဖြင့် မြေကမ္ဘာ၏ သဘာဝဖြစ်စဉ်နှင့် လက်ပွန်းတတီး ဆက်စပ်သည့် ပုံစံဖြင့် ရှင်သန်နေထိုင်သူများ အတွက် ပို၍အဖိုးတန်သည်။ ကမ္ဘာအနှံ့ သန့်ရှင်းသော မိသားစု သန်ပေါင်းများစွာ

သည် မြေနှင့် ယင်း၏နောက်ဆက်တွဲများဖြစ်သော ရေ၊ မြေဆီလွှာ၊ သစ်တောများ၊ သားငါး၊ ရုက္ခလောကနှင့် သတ္တလောကဂန်းကျင်တို့နှင့် နီးနီးကပ်ကပ် ဆက်နွယ်ပတ်သက်သည့် ပုံစံဖြင့် ရှင်သန်နေထိုင်လျက်ရှိမှုကို သာမန်ကာလျှံကာကြည့်ရုံမျှဖြင့် ချက်ခြင်းမြင်သာရန် မလွယ်ကူပေ။

သို့ရာတွင် အချို့သောတောင်သူလယ်သမားများ၊ တံငါသည်များနှင့် သစ်တောအပေါ်မှီခိုရှင်သန်နေသူများ၏ ဘဝများနှင့် လက်တွေ့အခြေအနေသည် အခြေခံအားဖြင့်ဟပ်စပ်မှုမရှိပေ။ ထို့ပြင် ၎င်းတို့ကို တစ်စုံတစ်ဦး၏ အကျိုးအမြတ်နှင့် အာဏာသြဇာအတွက် ကြိုတင်ဆုံးဖြတ်ထားသော လမ်းကြောင်းပေါ်ရှိ အဖျက်အမှောင့်များ သို့မဟုတ် စိတ်ရှုပ်စရာအတားအဆီးများအဖြစ် ရှုမြင်ခံရလျက်ရှိသည်။ ထိုသူများက အင်မတန်လှပသည့် စကားလုံးများနှင့် စိတ်ကူးယဉ်ဆန်လွန်းသည့် သဘောတရားများဖြင့် ကျွန်ုပ်တို့အတွက် ကောင်းကျိုးများယူ ဆောင်လာပေးမည်ဟု ပြောဆိုလေ့ရှိသည်။ ဥပမာအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဂပတ်ဂန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်ဖန်တီးရေး၊ စားနပ်ရိက္ခာဖူလုံရေး ကဲ့သို့သော စကားလုံးများကို တွင်တွင်သုံးလေ့ရှိသည်။ လက်တွေ့မကျသော ဤကဲ့သို့ အဓိပ္ပာယ်မရှိသည့် သဘောတရားသည် အရာအားလုံးကို ဂါးမြိုသွားခဲ့ပြီး အတိတ်နှင့် ပစ္စုပ္ပန်ဘဂများအပြင် မွေးဖွားမလာသေးသည့် အနာဂတ်ဘဂများကိုပါ ထိခိုက်ပျက်စီးစေလျက်ရှိသည်။ နေထိုင်ရှင်သန်ရာ မြေမျက်နှာသွင်ပြင်ဂန်းကျင်များကိုဘောင်ခတ်ပြီး အရောင်းအဂယ်ပြုလုပ်ရန် စောင့်ဆိုင်းနေသည့် ပေါ်လီဂွန်များဖြင့် ရေးဆွဲထားသည့် မြေပုံတစ်ခုအဖြစ်သို့ လျှော့ချ၍ အသုံးမတည့်တော့သည့်အချိန်ထိ အလွန်အကျွံအသုံးပြုလျက်ရှိသည်။ ယခင်က အဆိုပါမြေနေရာများကို ထွန်ယက်စိုက်ပျိုးခဲ့ကြသည့် ဘဂများကို လှည်းကျင်းဖယ်ရှား၍ လူများအား မိမိတို့ကိုယ်တိုင်ရွေးချယ်ခဲ့ခြင်းမရှိသည့် အခြေအနေနှင့် နေသားတကျဖြစ်အောင် အလိုက်သင့်နေထိုင်ရန် အတင်းအကျပ်ဖိအားပေးလျက်ရှိသည်။

လက်ရှိမြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စကားပိုင်းများနှင့် မြေ၏ဆက်စပ်မှုပုံစံကို နားလည်သဘောပေါက်နိုင်ရန်အတွက် မတူညီသည့် လူအမျိုးမျိုး၌မည်သည့်ကိစ္စရပ်များရှိနေပြလက်ရှိလမ်းကြောင်းအတိုင်းထိရောက်စွာကိုင်တွယ်ဖြေရှင်းမှုမပြုဘဲထားပါက မည်သည့်အရာများ ဆက်လက်ကျန်ရှိနေမည်ကို လေ့လာကြည့်ရှုရန် လိုအပ်သည်။ ယနေ့မြန်မာနိုင်ငံအနှံ့အပြား၌ မြေနှင့် နယ်မြေဒေသများအပြင် ဆက်စပ်သယံဇာတအရင်းအမြစ်များအပေါ် ထိန်းချုပ်စီမံနိုင်ရန်အတွက် အပြိုင်အဆိုင်ဖြစ်နေသည့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမျှော်မှန်းချက်များအမျိုးမျိုးကွဲပြားလျက်

ရှိသည်။ လက်တွေ့မြေပြင်အနေအထားတွင် အမျိုးမျိုးကွဲပြားလျက်ရှိသည့် (အမြင်) မျှော်မှန်းချက်များ၌ လုံခြုံရေးနှင့် ကြွယ်ဝမှုဖန်တီးရေးဆိုင်ရာ ယုတ္တိသဘောတရား အမျိုးမျိုး၊ ကွဲပြားခြားနားသည့် ဦးစားပေးကဏ္ဍရပ်များနှင့် တိကျသော မြေယာ လုပ်ပိုင်ခွင့် အာမခံချက်နှင့် ယေဘူယျအားဖြင့် နေပျော်ထိုင်ပျော်ရှိသည့် ကောင်းမွန်သော လူနေမှုဘဝများ၏ အဓိပ္ပာယ်ဖွင့်ဆိုမှုတို့အတွက် မတူကွဲပြားသည့် စမှတ် အမျိုးမျိုးရှိနေခြင်း စသည်တို့ ပေါင်းစပ်ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံသူနိုင်ငံသားများ၏ စိတ်သဘောဆန္ဒအပေါ် ထင်ဟပ်စရာ သို့မဟုတ် အရေးယူဆောင်ရွက်ရန် မလိုအပ်ဟုဆိုသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ယေဘုယျအမြင်ရှု ထောင့်တစ်ခုတည်းမှ ဆင်းသက်လာသော စီးပွားရေး အကျိုး အမြတ်အသားပေး လုပ်ဆောင်ချက်များနှင့် စီမံကိန်းအများအပြားက နိုင်ငံအတွင်းရှိ နေရာဒေသ အသီးသီးကို ရိုက်ခတ်လျက်ရှိသည်။ အစောပိုင်း၌ သာဓကပြခဲ့သည့် အတိုင်း ဖားကန့်ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ၊ လက်ပံတောင်းကြေးနီသတ္တု တွင်း၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုံ၊ ထားဝယ်ရေနက်ဆိပ်ကမ်း နှင့် အထူးစီးပွားရေးဇုံ၊ မြစ်ဆုံရေအားလျှပ်စစ်ရေကာတာနှင့် ဟတ်ကြီးရေအား လျှပ်စစ်စီမံကိန်းတို့သည်မြင်သာထင်သာရှိသည့်အကြီးစားရင်းနှီးမြှုပ်နှံမှုများ၊ သဘော တရားအရ သယံဇာတပြန်းတီးစေသည့် စီမံကိန်းနှင့် လုပ်ဆောင်ချက်အချို့ဖြစ်ပြီး မြန်မာနိုင်ငံ၌သာမက ကမ္ဘာအနှံ့ဖြစ်ပွားလျက်ရှိသည့် ပုံစံမျိုး ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ရေးအရေးခြံ၍ ဝင်လာလေ့ရှိသည့် အခြားသောအပြောင်း အလဲမျိုးသည် စိုက်ပျိုးမွေးမြူးရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည်။ အတိတ်နှင့် ယနေ့ခေတ် ကမ္ဘာ့နေရာအနှံ့အပြား၌ မတူကွဲပြားသည့် စိုက်ပျိုးမွေးမြူရေးစနစ်များ နှင့်စိုက်ပျိုးရေးအလေ့အထများကို ကျင့်သုံးလျက်ရှိသည်။ ယနေ့ခေတ် မြေလိုအပ်ချက် ကြီးမားမှုသည်လည်း စိုက်ပျိုးရေးကဏ္ဍအပေါ် အကြီးအကျယ်သက်ရောက်ထိခိုက် လျက်ရှိပြီး မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နေရာဒေသအများအပြားရှိ စိုက်ပျိုးမွေးမြူရေး ပုံစံများကို ပြောင်းလဲစေလျက်ရှိသည်။ ပြောင်းလဲသွားသည့်ပုံစံမှာ ခြုံငုံပြီး ဦးတည်ရာ တစ်ခုတည်းသို့ ဖြစ်ပေါ်နေသည်။ လူ့ဘောင်အသိုက်အဝန်းအား ကုန်းမြင့်တောင်တန်း ဒေသရှိ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှု အလေ့အထများ၊ တစ်နိုင်တစ်ပိုင်ငါးဖမ်း လုပ်ငန်း၊ မိသားစုအသုံးပြုရန်နှင့် ဒေသတွင်းဈေးကွက်များ၌ တင်ပို့ရောင်းချရန် အတွက် ရပ်ရွာအစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ခြင်းနှင့် စားကျက်လွှတ်ခြင်းတို့ အပါအဝင် လုပ်အားစိုက်ထုတ်ရမှုကြီးမားသည့် အသေးစား တစ်နိုင်တစ်ပိုင်စိုက်ပျိုး ထွန်ယက်မှုပုံစံမှသည် နိုင်ငံခြားဈေးကွက်များနှင့် မြို့ပြနေရာများဖြင့် ဆက်စပ်လျက်

ရှိသောအရင်းအနှီးစိုက်ထုတ်ရမှုကြီးမားသော၊ သယံဇာတအရင်းအမြစ်များကိုပြုန်းတီးသွားစေသော စက်မှုသီးနှံတစ်မျိုးတည်းစိုက်သည့် အကြီးစားစိုက်ပျိုးရေးစီမံကိန်းကြီးများအဖြစ်သို့ ပြောင်းလဲသွားစေလျက်ရှိသည်။

စိုက်ပျိုးရေးစီမံကိန်းများသည်ပုံစံနှစ်မျိုးဖြင့် မြေပြင်ကိုရိုက်ခတ်လျက်ရှိသည်။ ပထမပုံစံမှာကျေးလက်ဒေသ၌လုပ်ကိုင်စားသောက်လျက်ရှိသူများကိုငင်းတို့၏မြေနှင့် လုပ်အားနှစ်ခုစလုံး လိုအပ်လာချိန်တွင် စီစဉ်နေရာချထားမှု ပုံစံအသစ်များအတွင်းသို့ သွတ်သွင်းလိုက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနှံ့အပြားရှိ ကျေးလက်ဒေသများ၌ လုပ်ကိုင်စားသောက်လျက်ရှိသူများသည် မြေယာသိမ်းဆည်းမှုကြောင့် ၎င်းတို့၏ လယ်ယာမြေများကို ဦးစွာလက်လွှတ်ဆုံးရှုံးခဲ့ကြရပြီး ယင်းမြေပေါ်၌ပင် သူရင်းငှားများအဖြစ် ပြန်လည်လုပ်ကိုင်ရန် သို့မဟုတ် ယင်းမြေပေါ်၌ပင် ပိုင်ရှင်အသစ်အား သီးစားခ (ငွေကြေးဖြစ်စေ သီးနှံဖြစ်စေ) ပေး၍ ဆက်လက်နေထိုင် လုပ်ကိုင်စားသောက်ရန် ကမ်းလှမ်းခံရလေ့ရှိသည်။ ဥပမာအနေဖြင့် ၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ မြန်မာဂိုးလ်စတားကုမ္ပဏီသည် ဧရာဝတီတိုင်း မအူပင်မြို့နယ် ထိန်ငူ၊ ကဂေါ်ကင်းနှင့်အရှေ့တာပတ် ကျေးရွာအုပ်စုများ၌ မြေဧက ၅၁၉၅ ခန့် စိုက်ပျိုးရေးစီမံကိန်းဖော်ဆောင်ရန် လုပ်ပိုင်ခွင့်ရရှိခဲ့သည်။ ဤကုမ္ပဏီသည် အဆိုပါမြေယာများကို ၂၀၁၃ ခုနှစ်အထိ တစ်ဧကလျှင် ၇ တင်းနှုန်းပေးသွင်း၍ သီးစားများအဖြစ် ဆက်လက်လုပ်ကိုင်စားသောက်ရန် တောင်သူလယ်သမားများကို ခွင့်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း သီးစားချခပေးသွင်းရန် ပျက်ကွက်ခဲ့သည့်အတွက် လယ်သမားစုစုပေါင်း ၃၀ ဦးအား တရားစွဲဆိုခဲ့သည်။[၁၇]

ဒုတိယပုံစံသည် အများအားဖြင့် တောင်သူလယ်သမားများအား ၎င်းတို့၏ မြေပေါ်မှ လုံးဝမောင်းထုတ်လိုက်သည့် ပုံစံမျိုးဖြစ်သည်။ အောက်တွင်ဥပမာဖော်ပြထားသည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်ရှိ ပန်ဆိုင်း (ကြူကုတ်) မြို့နယ်ခွဲမှ နမ့်တောင်းကျေးရွာ၏ အဖြစ်အပျက်အရ စီးပွားရေးလုပ်ငန်းသစ်များသည် မူရင်းနေထိုင် လုပ်ကိုင်စားသောက်နေသူများ၏ လုပ်အားများကို လိုအပ်ခြင်းမရှိဘဲ ယင်းတောင်သူတို့ပိုင်ဆိုင်သည့်မြေယာများကိုသာ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

*"၁၉၉၆၊ ၂၀၀၆ နှင့် ၂၀၀၈ ခုနှစ်တို့တွင် ဒေသအာဏာပိုင်တို့၏ အကူအညီဖြင့် ခရိုနီစီးပွားရေးသမားလေးဦးမှ မြေဧက ၃၃၈ ကျော် သိမ်းယူခဲ့သည်။ ဒေသခံတိုင်းရင်းသားများမှာ ဘိုးစဉ်ဘောင်ဆက်ကတည်းကထိုမြေပေါ်မှာတွင်နေထိုင်ပြီးလုပ်ကိုင်စားသောက်လာခဲ့ကြသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းမှာ ၎င်းတို့၏*

*အဓိကအသက်မွေးဝမ်းကျောင်းဖြစ်သည်။ မြေသိမ်းခဲ့စဉ်က ထိုမြေများကို အစိုးရ၏ စိုက်ပျိုးရေးစီမံကိန်းအတွက် အသုံးပြုရန်ဟု အကြောင်းပြခဲ့သည်။ သိမ်းသွားသောမြေများထဲတွင် ကျေးရွာ၏ အကောင်းဆုံး စိုက်ပျိုးမြေ (ပြန့်ပြူးကာ မြေဆီဩဇာကောင်းသောမြေ) ၅၇ ရာခိုင်နှုန်းခန့် ပါသွားခဲ့သည်။ ထို့နောက် သိမ်းယူသော မြေအချို့ကိုကြံစိုက်ပျိုးရေးစီမံကိန်းအတွက် တရုတ်အလုပ်သမားများကို အငှားချပေးခဲ့ပြီး ကျန်ရှိသောမြေများကို ၎င်းတို့နှင့် ဆွေမျိုးနီးစပ်တော်သူများအားခွဲ၍ အငှားချပေးခဲ့သည်။ သိမ်းယူသောမြေများထဲမှ အစိုးရ ဘီလပ်မြေ စက်ရုံ ဆောက်ရန်အတွက်ဟု ပြောကာ သိမ်းခဲ့သည့် မြေ ၄၄ ဧက ကိုမူ စိုက်ပျိုးရေးနဲ့ တိရိစ္ဆာန်မွေးမြူရေးအတွက် အသုံးချခဲ့သည်။ အဆိုပါမြေများမှာ ကျေးရွာ၏ ရေအရင်းအမြစ် ရေထွက်ပေါက် ဖြင့် တိုက်ရိုက် ဆက်စပ်လျက်ရှိပြီး ခရိုနီများ၏စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက်သုံးသော ဓာတုပစ္စည်းများကြောင့် ရေများညစ်ညမ်းသွားမည်ကိုရွာသားများစိုးရိမ်လျက်ရှိသည်။ ထို့ပြင် သိမ်းဆည်းမြေဧရိယာများ ချဲ့ထွင်မှုကြောင့် ကျေးရွာ၏ ရေအရင်းအမြစ်အား ကာကွယ်ပေးနေသည့် သစ်တောများသည်ပျောက်ကွယ်လုနီးပါးဖြစ်ပြီး ရေထွက်ပေါက်မှ ရေစီးဆင်းလာမှုသည်လည်း လျော့နည်းလာသည်။ မြေသိမ်းခံရချိန်မှစ၍ မြေယာဆုံးရှုံးခဲ့ကြသည့် တောင်သူလယ်သမားအချို့မှာ သွားရလာရခက်ခဲသည့် နယ်မြေများတွင် စိုက်ပျိုးရေးလုပ်ကိုင်စားသောက်ရခြင်းများ၊ အချို့မှာ တရုတ်ပြည်နယ်စပ်တွင် ဖိအားများသည့်အခြေအနေများဖြင့် ကြုံရာကျပန်းအလုပ်များကိုလုပ်ကိုင်ကြရသည်။ လက်ရှိကာလတွင် ရွာလူဦးရေနှင့် ၎င်းတို့စိုက်ပျိုးစားသောက်နိုင်သော မြေနေရာများမှာ မျှတမှုမရှိပဲ လောက်ငှမှုမရှိသောကြောင့် ရွာသားများမှာ ဆင်းရဲတွင်းနက်သည်ထက် နက်လာကြသည်။"*[၁၈]

ခြုံငုံပြောရမည်ဆိုပါက ဤကဲ့သို့သော စီမံကိန်းများနှင့် လုပ်ငန်းဖော်ဆောင်မှုပုံစံမျိုးစုံကြောင့် မြေနှင့် မြေမျက်နှာသွင်ပြင်များ (ရေနှင့် ရေခံဂန်းကျင်များ) မှာ ဦးတည်ချက်တစ်ခုတည်းအောက်သို့ပြောင်းလဲသွားခဲ့ကြပြီးပြောင်းလဲမှုဖြစ်စဉ်အတွင်း နယ်ခံလူထုနှင့် ရပ်ရွာအသိုက်အဂန်းများ၏ အနာဂတ်မျှော်မှန်းချက်များနှင့် စိတ်ကူးအိပ်မက်များ စတေးခံရလျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာဘာလဲ သို့မဟုတ် မည်ကဲ့သို့သော ဖွံ့ဖြိုးတိုး တက်မှုမျိုးဖြစ်သင့်သနည်းဟူသည့် ကိစ္စရပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်းလတ်တလောဆွေးနွေးငြင်းခုန်ရာ၌တစ်ခုနှင့်တစ်ခုအကြီးအကျယ်ကွဲလွဲဆန့်ကျင်လျက်ရှိသည့် အမြင်ရှုထောင့်နှစ်မျိုးပေါ်ထွက်လာသည်။ ပထမတစ်ခု

မှာဒေသခံရပ်ရွာလူထုများနှင့် ဒေသတွင်းဂေဟစနစ်များအတွက် ပြင်းထန်သည့် နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်စေသည့် မြေမျက်နှာသွင်ပြင်အနေအထားများကိုရုတ်တရက် အကြီးအကျယ်ပြောင်းလဲသွားစေသော ရင်းနှီးမြှုပ်နှံမှုမြင့်မား၍ သယံဇာတအရင်းအမြစ်များကို ပြုန်းတီးစေသည့် စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာစီမံကိန်းများကို ဦးစားပေးရမည်ဟူသည့် အမြင်သဘောထားမျိုးရှိနေသည်။ ဆန့်ကျင်ဘက် အခြားတစ်ဖက်၌ တစ်ပိုင်တစ်နိုင်စိုက်ပျိုးထွန်ယက်ခြင်း၊ အသေးစားငါးဖမ်းလုပ်ငန်းနှင့် တိရိစ္ဆာန်ထိန်းကျောင်းမွေးမြူရေးအပြင် ထုံးတမ်းစဉ်လာ သစ်တောလုပ်ငန်းပုံစံအမျိုးမျိုးတို့အပါအဝင် လုပ်အားစိုက်ထုတ်ရမှုပြင်းထန်သော အသေးစားအသုံးပြုမှု အလေ့အထမျိုးကိုပြန်လည်ထိန်းသိမ်း၍အသိအမှတ်ပြုအကာအကွယ်ပေးပြီးအားပေးမြှင့်တင်ပေးသင့်သည်ဟူသည့်အမြင် သဘောထားမျိုး ရှိနေသည်။

ဤကဲ့သို့သော ဖွံ့ဖြိုးရေးမျိုးကို ရင်ဆိုင်ကြုံတွေ့ခဲ့ဖူးသည့် သို့မဟုတ် ကြုံတွေ့နေရသူများအနေဖြင့် မည်ကဲ့သို့ သဘောထားမည်နည်း။ အောက်တွင် အခြားသူများအတွက် အချို့သောသူများ၏ ဖွံ့ဖြိုးရေးရည်မှန်းချက်များက မည်ကဲ့သို့ အဓိပ္ပာယ်သက်ရောက်လျက်ရှိကြောင်း သာဓကအနည်းအကျဉ်းခန့် ဖော်ပြထားပါသည်။

---

"ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ ဘဝတွေက မြေနဲ့ ရေအပေါ် မှာ မှီခိုနေရတာပါ။ မြေကြီးက ကျွန်တော့်ဘဝလို ဖြစ်နေတော့ ကျွန်တော်တန်ဖိုးထားတာ မမှားပါဘူး။ စစ်တပ်က ကျွန်တော့်ရဲ့ မြေကိုသိမ်းသွားပြီးနောက်ပိုင်း ကိုယ့်မြေပေါ် မှာ ကိုယ်ကနေ့တွက်လုပ်ခရဖို့အတွက် ပြန်အလုပ်လုပ်ရတော့ ကိုယ့်မြေပေါ် မှာ ကိုယ်ကျွန်ပြန်ခံနေရသလို ခံစားနေရတယ်။" တောင်သူလယ်သမားတစ်ဦး၊ ထဂါဒမ်းကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။

---

"ကျွန်တော်အနေနဲ့ ဒီမြေပေါ် မှာ ဟိုးအစဉ်အဆက်ကတည်းက နေထိုင်လာခဲ့ကြပြီး မျိုးဆက်တစ်ခုပြီးတစ်ခု ထုံးတမ်းဓလေ့အရ လက်ဆင့်ကမ်းလာခဲ့ကြတာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ အမွေအနှစ်ပါပဲ။ ကျွန်တော်တို့ မိသားစုက စိုက်ပျိုးရေးသမားတွေဖြစ်တယ်၊ ပြီးတော့ ဒီမြေပေါ် မှာပဲ ရွှေ့ပြောင်းတောင်ယာလုပ်တာပါ။ ဒီမြေကိုကျွန်တော်တို့တန်ဖိုးဖြတ်လို့မရသလိုကျွန်တော်တို့အတွက် အဓိပ္ပာယ်အမျိုးမျိုးရှိတယ်။ အခုတော့မြေလည်းမရှိတော့ဘူးဆိုတော့ကျွန်တော်တို့ မကျွမ်းကျင်တဲ့ ကျပန်းလုပ်ငန်းတွေကို လုပ်ချင်သည်ဖြစ်စေ မလုပ်ချင်သည်

ဖြစ်စေ မိသားစုစားဝတ်နေရေးအတွက် ကြုံရာကျပန်း လိုက်လုပ်ရတော့တာပေါ့။" တောင်သူလယ်သမားတစ်ဦး၊ တောင်ခေါင်းပွါ ကျေးရွာ၊ ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။

---

"ကျွန်တော်တို့ မိသားစုအတွက် ဒီမြေကအရမ်းတန်ဖိုးရှိတယ်။ ဒီမြေကနေ စားစရာတွေရသလို ဒီမြေပေါ်မှာပဲ မိသားစုတွေ အတူတကွ လုပ်ကိုင်စား သောက်ကြတာပါ။ ဒီမြေအသိမ်းခံလိုက်ရပြီးတဲ့နောက်ပိုင်း မိသားစုဝင်ငွေနဲ့ စားဝတ်နေရေးအတွက် မိသားစုတွေ တစ်နေရာစီ တစ်ကွဲတစ်ပြားနဲ့ အလုပ်လုပ် လာရတယ်။" တောင်သူလယ်သမားတစ်ဦး၊ ဂက်ဘော်ကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။

## မည်သူ့မျှော်မှန်းချက်အား ထည့်သွင်းစဉ်းစား ဖြည့်ဆည်းပေးမည်နည်း။

မြေယာလုပ်ယူမှု ပုံစံသစ်များ ဖြစ်ပေါ်လာသည့်နည်းတူ ယင်းအပေါ် ကန့်ကွက် ဆန့်ကျင်မှုများလည်း ကြီးထွားလာလျက်ရှိသည်။ မြေနှင့် ဆက်စပ်သယံဇာတ အရင်းအမြစ်များအပြင် ယင်းတို့အား မည်သို့မည်ပုံ အသုံးပြုသင့်သည် ဆိုသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်များအပေါ်တွင် သိသိသာသာကွဲလွဲဆန့်ကျင်လျက်ရှိသည့် အယူ အဆများက ယနေ့မြန်မာနိုင်ငံအတွင်း ပဋိပက္ခများကို ဆက်လက်သက်ဆိုးရှည်စေ သည့် နောက်ကွယ်မှ အကြောင်းတရားများဖြစ်သည်။ သို့ဖြစ်၍ နောက်ဆုံးတွင် မည်သူ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အနာဂတ်မျှော်မှန်းချက်ကို ဖြည့်ဆည်းပေးမည်နည်း ဟုအပူတပြင်း မေးစရာရှိလာသည်။ ထို့အပြင် မြေယာနှင့် ပတ်သက်၍ ကဏ္ဍစုံ ရှုထောင့်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား၍ ပိုမိုဒီမိုကရေစီကျသည့် ဖွံ့ဖြိုးရေးမျှော်မှန်း ချက်ကို လက်ခံယုံကြည်သူများအတွက် မည်သို့ရှေ့ဆက်လုပ်ကိုင်ရမည်နည်း။

လက်တွေ့မြေပြင်၌ နေထိုင်လျက်ရှိသူများ၏ ဘဝများ၊ အမျိုးသားလက္ခဏာ ရပ်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ဆိုးဆိုးရွားရွားသက်ရောက် ထိခိုက်မှုများကို ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် အလားအလာမြင့်မားလျက်ရှိသည် သို့မဟုတ် ရင်ဆိုင်ကြုံတွေ့နေရသည်။ ထိုကဲ့သို့ အခြေအနေတွင် ရှေ့ဆက်လုပ်ဆောင် သင့်သည့် ကိစ္စရပ်တစ်ခုမှာ ၎င်းတို့၏ အလေ့အထများ၊ တောင်းဆိုမှုများနှင့် ဘဝ သာယာရေးမျှော်မှန်းချက်များကို လက်ရှိလူ့အခွင့်အရေးဆိုင်ရာ အခြေခံသဘော

တရားများ၊ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန် အသိအမြင်ဖွင့်ပေးခြင်းဖြစ်သည်။ လက်ရှိနိုင်ငံတကကာ လူ့အခွင့်အရေးဥပဒေမှာ မြန်မာနိုင်ငံသားများအပါအဝင် လူသားအားလုံးအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်လမ်းကြောင်းမျိုးကို တည်ဆောက်ရန်အတွက် အရေးပါသည့် စမှတ်တစ်ခုအဖြစ် ပံ့ပိုးထားသည်။

## ၄။ မြေ နဲ့ ပတ်သက်တဲ့ လူ့အခွင့်အရေးရှိသလား။

"နိုင်ငံတွေနဲ့ နိုင်ငံတကကာစနစ်တွေက ကမ္ဘာ့အနှံ့ဖြစ်ပွားနေတဲ့ ဆင်းရဲမွဲတေမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုတွေကို တိုက်ဖျက်နိုင်တဲ့ စွမ်းရည်မျိုးမရှိခဲ့ဖူးဘူး။ ကျွန်တော်တို့အနေနဲ့ ကိုယ့်ရဲ့အစိုးရတွေ၊ FAO နဲ့ ကုလသမဂ္ဂအောက်က တစ်ခြားအဖွဲ့အစည်းတွေ၊ ICARRD မှာ တက်ရောက်ပါဝင်ကြမယ့် တစ်ခြားအဖွဲ့အစည်းတွေနဲ့ ကိုယ့်ရဲ့သက်ဆိုင်ရာ လူ့ဘောင်အသိုက်အဝန်းတွေကို ကျွန်တော်တို့လို တောင်သူငယ်လေးတွေနဲ့ မိသားစုတွေ၊ ဌာနေတိုင်းရင်းသားတွေ၊ တစ်နိုင်တစ်ပိုင်ငါးဖမ်းလုပ်ငန်းလုပ်နေတဲ့ ရပ်ရွာလူထုတွေ၊ တိရိစ္ဆာန်ထိန်းကျောင်းမွေးမြူသူတွေ၊ မြေယာမဲ့တွေ၊ ကျေးလက်အလုပ်သမားတွေ၊ အာဖရိကန်နွယ်ဖွားတွေ၊ အလုပ်လက်မဲ့နေသူတွေ၊ ဇာတ်နိမ့်ရပ်ရွာလူထုတွေနဲ့ တစ်ခြားကျေးလက်ရပ်ရွာလူထုတွေအတွက် စားနပ်ရိက္ခာဆိုင်ရာ အချုပ်အခြာ၊ နယ်မြေဒေသနဲ့ လူတွေရဲ့ဂုဏ်သိက္ခာအပေါ် အခြေခံထားတဲ့ လယ်ယာဥယျာဉ်ခြံ စိုက်ပျိုးမြေပြုပြင်ပြောင်းလဲရေးလုပ်ငန်းအသစ်တစ်ခုကို သံမိဋ္ဌာန်အခိုင်အမာချပြီး ထိထိရောက်ရောက်အကောင်အထည်ဖော်ပေးဖို့၊ ကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးကို အပြည့်အဝအမှန်တကယ်နားလည်ကျင့်သုံးနိုင်ဖို့အတွက် သဘာဝနှင့် ထုတ်လုပ်နိုင်စွမ်းရှိတဲ့ သယံဇာတအရင်းအမြစ်တွေကို ထိရောက်စွာရရှိသုံးစွဲနိုင်ပြီး ထိန်းချုပ်စီမံနိုင်အောင်အာမခံပေးဖို့ ထပ်လောင်းမေတ္တာရပ်ခံချင်ပါတယ်။"

---

အရပ်ဘက်လူ့ဘောင်အသိုက်အဝန်းမှ လယ်ယာဥယျာဉ်ခြံ စိုက်ပျိုးမြေ ပြုပြင်ပြောင်းလဲရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး (ICARRD) ဆိုင်ရာ နိုင်ငံတကကာညီလာခံနှင့် စင်ပြိုင် စီစဉ်ကျင်းပခဲ့သည့် အစည်းအဝေးတစ်ခုဖြစ်သော "မြေယာ၊ နယ်မြေဒေသနှင့် လူ့ဂုဏ်သိက္ခာ" ဆိုင်ရာဖိုရမ်၏ အပြီးသတ်ကြေညာစာတမ်းမှ ကောက်နုတ်ထားခြင်းဖြစ်

ပါသည်။ ၂၀၀၆ ခုနှစ် မတ်လ ၆-၁၀ ရက်နေ့အတွင်း ဘရာဇီးနိုင်ငံ၊ ပေါ်တိုအလီဂရေ၌ လာ ဗီယာ ကမ်ပက်ဆီနာ (La Via Campesina)၊ တံငါသည်များ၏ ကမ္ဘာ့ဖိုရမ် (World Forum of Fisher Peoples) နှင့် ကမ္ဘာ့ FF တို့အပါအဝင် အခြားလူထုလှုပ်ရှားမှုဆိုင်ရာ ကမ္ဘာ့ကွန်ရက်တစ်ခုဖြစ်သည့် စားနပ်ရိက္ခာဆိုင်ရာ အချုပ်အခြာအတွက် အပြည်ပြည် ဆိုင်ရာ စီမံရေးရာကော်မတီ(IPC) မှ ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။

## လူ့အခွင့်အရေးနှင့် အခြားအနာဂတ်ဆိုင်ရာ ရပိုင်ခွင့်အခွင့်အရေးများကို စိတ်ကူးပုံဖော်ရဲသည့်သတ္တိ

ရှေ့ဆက်လုပ်ငန်းစဉ်များကို ဖော်ဆောင်ရာ၌ လူ့အခွင့်အရေးအပေါ် လက်ခံယုံကြည်မှုသည် မရှိမဖြစ်လိုအပ်သည့် ခြေလှမ်းတစ်ရပ်ဖြစ်လာစဉ်တွင် မြေယာနှင့် ပတ်သက်သည့်လူ့အခွင့်အရေးရှိမရှိဟူသည့်မေးခွန်းအတွက်အဖြေသည်ဝေဝါးနေဆဲပင်ဖြစ်သည်။ အဖြေမှာ ရှိလည်းရှိသည် (သို့) ရှိလည်းမရှိပါ ဟူ၍သာဖြစ်ပါလိမ့်မည်။ ရေသို့မဟုတ်စားနပ်ရိက္ခာအတွက်ကွဲပြားသည့်အချက်မှာမြေယာနှင့်ပတ်သက်သည့် လူ့အခွင့်အရေးကို နိုင်ငံတကာအရ တရားဝင်အသိအမှတ်ပြုထားမှု မရှိခြင်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်ခွဲ (၁၇) ၌ ပစ္စည်းဥစ္စာဆိုင်ရာ အခွင့်အရေးကို ထည့်သွင်းဖော်ပြထားသော်လည်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေး သို့မဟုတ် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများအပေါ် တရားဝင်စည်းကြပ်ထားသည့် အပြည်ပြည်ဆိုင်ရာကျင့်ထုံးများ၏ နောက်ဆက်တွဲ ဥပဒေများအဖြစ် ပေါင်းစည်းထားခြင်းမရှိကြောင်း တွေ့ရှိရသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ ဤကျင့်ထုံးနှစ်ခုအပေါ် ချင့်ချိန်သုံးသပ်ရသော ကာလအတောအတွင်းနှင့် ထိုအချိန်တွင်သဘောထားကွဲလွဲမှုနှင့် ဘုံသဘောတူညီချက် မရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။

အခေါ်အဝေါ်နှင့် ပတ်သက်၍ ရှင်းလင်းမှုမရှိဖြစ်နေသော်ငြားလည်း မြေယာသည်လူ့အခွင့်အရေးဖြစ်သည်ဟူသည့် စိတ်ကူးပုံဖော်မှုသည် ကမ္ဘာ့အနယ်နယ်အရပ်ရပ်ရှိ လူပေါင်းများစွာကို အထူးတလည် စိတ်အားတက်ကြွစေခဲ့သည်။ မြေယာကို အသက်ရှင်ရပ်တည်မှုအတွက် လိုအပ်သည့် လူ့အခွင့်အရေးအစိတ်အပိုင်းတစ်ခုအဖြစ်ရှုမြင်သူများအတွက် မြေယာဆိုင်ရာ လူ့အခွင့်အရေးသည် များစွာအဓိပ္ပာယ်လေးနက်မှုရှိသည်။ အဘယ်ကြောင့်ဆိုသော် ပစ္စည်းဥစ္စာဆိုင်ရာ အခွင့်အရေး၊ ကိုယ့်ကြမ္မာကိုယ်

ဖန်တီးပိုင်ခွင့်၊ မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုကိုကျင့်သုံး၍ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည့် တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေး၊ သင့်တင့်လျောက်ပတ်သည့်လူနေမှုအဆင့်အတန်းဆိုင်ရာ အခွင့်အရေး၊ လုံလောက်မျှတသည့် အစားအစာနှင့် အာဟာရဆိုင်ရာ အခွင့်အရေး၊ အိုးအိမ်ဆိုင်ရာ အခွင့်အရေး၊ အလုပ်လုပ်ပိုင်ခွင့်ဆိုင်ရာအခွင့်အရေး၊ ပညာရေးဆိုင်ရာအခွင့်အရေးတို့အပြင် အရေးအကြီးဆုံးတစ်ခုမှာ ရေနှင့် ပတ်သက်သည့်အခွင့်အရေး အစရှိသော အသိအမှတ်ပြုထားပြီးဖြစ်သည့် လူ့အခွင့်အရေးများကို အပြည့်အဝခံစားရာ၌ မြေကြီးနှင့် ခွဲခြားမရအောင် ဆက်စပ်လျက်ရှိသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် အခွင့်အရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့် အခွင့်အရေးသာမက တိုင်းရင်းသားလူနည်းစုများ၏ ကိုယ်ပိုင်ယဉ်ကျေးမှုအရ နေထိုင်ရှင်သန်ခွင့် အခွင့်အရေးစသည်တို့ကို အသုံးပြု၍ မြေယာလက်ဂယ်ပိုင်ဆိုင်ထားသူ သို့မဟုတ် ပိုင်ဆိုင်နေဆဲဖြစ်သူ သို့မဟုတ် ယခင်က ပိုင်ဆိုင်ခဲ့ဖူးသော်လည်း အတင်းအကျပ်မောင်းထုတ်ခံခဲ့ရသူများ၏ မြေယာအခွင့်အရေးများကိုပြန်လည်ရယူရန် သို့မဟုတ် လုံခြုံမှုရှိရန် ကာကွယ်စောင့်ရှောက်ခြင်းအတွက် အသုံးပြုနိုင်သည်။ တစ်ချိန်တည်းတွင် သင့်တင့်မျှတသည့် လူနေမှုအဆင့်အတန်းဆိုင်ရာ အခွင့်အရေးအား သီးခြားဖြစ်စေ၊ အခြားလူ့အခွင့်အရေးများနှင့် ပူးတွဲ၍ဖြစ်စေ အသုံးပြု၍ မြေယာလက်ဂယ်မရှိသူများ၏ မြေယာတောင်းခံပိုင်ခွင့် အခွင့်အရေးကို အထောက်အကူပြုသည့် အခြေခံဥပဒေများ ဖော်ထုတ်ပံ့ပိုးပေးရန်တောင်းခံနိုင်သည်။

အကျဉ်းချုံးကောက်နုတ်ဖော်ပြရမည်ဆိုပါက တကယ့်လက်တွေ့ဘဝ၌ မြေနှင့်အခြားလူ့အခွင့်အရေးတို့၏ဆက်စပ်မှုကွင်းဆက်များသည် အသေးစားတစ်နိုင်တစ်ပိုင်တောင်သူလယ်သမားများနှင့် ကမ္ဘာအနှံ့မှ အစားအစာထုတ်လုပ်လျက်ရှိသူများ၏ နေ့စဉ်ဘဝ၌ အထင်အရှားပါဝင်လျက်ရှိသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဥပမာအနေဖြင့် မြန်မာနိုင်ငံရှိ တောင်သူလယ်သမားအချို့က ၎င်းတို့၏ မြေယာအပေါ်ထိန်းချုပ်စီမံပိုင်ခွင့်နှင့် ပညာရေးဆိုင်ရာ အခွင့်အရေးကို ကျင့်သုံးဖော်ဆောင်နိုင်မှုအကြား စစ်မှန်သည့် ဆက်စပ်ပတ်သက်မှုရှိကြောင်း ထောက်ပြပြောဆိုခဲ့သည်။

"ကျွန်မရဲ့ မိဘတွေအနေနဲ့ သူတို့ဘဝမှာ အခက်အခဲပေါင်းများစွာကို ရင်ဆိုင်အံတုခဲ့ရပေမယ့် ဒီမြေကြောင့်အသက်ဆက်နိုင်ခဲ့ကြတာပါ။ ဒီမြေက ကျွန်မတို့ရဲ့ ပညာရေးအပါအဝင် မိသားစုစားဝတ်နေရေးကို အမြဲတမ်း ထောက်ပံ့ပေးခဲ့သလို မိသားစုရဲ့ လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနေတယ်။" အမျိုးသမီးတောင်သူလယ်သမား (မြေယာအရေးလှုပ်ရှားတက်ကြွသူတစ်ဦး)၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။

"ကျွန်တော်တို့အနေနဲ့ဟိုးအဖိုးတို့ခေတ်ကတည်းကဒီမြေပေါ်မှာပဲလုပ်ကိုင်စားသောက်လာခဲ့ပြီး သူတို့ဆီကအမွေရထားတာပါ။ ဒီမြေပေါ်မှာထွန်ယက်စိုက်ပျိုးခဲ့ပြီးကျွန်တော့်မိသားစုရဲ့ စားဝတ်နေရေးကိုဖြေရှင်းနိုင်ခဲ့တာပါ။ စားဖို့သောက်ဖို့လုံလောက်သလို ကလေးတွေရဲ့ ပညာရေးကိုလည်း ထောက်ပံ့ပေးနိုင်ခဲ့တယ်။ ဒါပေမဲ့ အခုတော့ ကျွန်တော့်မြေလည်းအသိမ်းခံလိုက်ရပြီ။ မိသားစုထဲမှာလည်း ပြဿနာပေါင်းသောင်းခြောက်ထောင် ကြုံတွေ့လာရသလို ကျွန်တော့်ကလေးတစ်ချို့လည်း ကျောင်းထွက်လိုက်ရတယ်။" တောင်သူလယ်သမားတစ်ဦး၊ ဆလ်ခမ်ဒမ်းကျေးရွာ၊ ပူတာအို မြို့နယ်၊ ကချင်ပြည်နယ်။

"ကျွန်တော်တို့ရဲ့ စားဝတ်နေရေး၊ ကျန်းမာရေးနဲ့ ပညာရေးတွေအားလုံး ဒီမြေပေါ်မှာ မှီတည်နေတယ်။ မြေက ကျွန်တော်တို့ဘဝတွေအတွက် လိုအပ်တာမှန်သမျှရအောင် အာမခံပေးတယ်။" တောင်သူလယ်သမားတစ်ဦး၊ အမှတ် (၅) ရပ်ကွက်၊ နမ့်ဆန်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။

ခြုံငုံသုံးသပ်ရမည်ဆိုပါက ဆက်စပ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ တရားရေးမူဘောင်အများအပြား၌ အထူးသဖြင့် မြေယာဆိုင်ရာ လူ့အခွင့်အရေး၊ အခြားဝင်ငွေရနိုင်သော အရင်းအမြစ်များနှင့် ပတ်သက်သည့် လူ့အခွင့်အရေးဆိုင်ရာ စိတ်ကူးစိတ်သန်းအပေါ် အထောက်အကူပြုအားဖြည့်ပေးလျက်ရှိပြီး အထိခိုက်လွယ်သူများကို အဓိကကျသည့် လူ့အခွင့်အရေး အကျိုးခံစားခွင့်ရှိသူများအဖြစ် အသားပေးထားပါသည်။ (အောက်တွင်ကြည့်ပါ) ဤကဲ့သို့သော တည်ဆဲနိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ ဥပဒေသအများအပြား၌ မြေယာနှင့် ပတ်သက်၍ ကျယ်ပြန့်သောကဏ္ဍရှုထောင့်ပေါင်းစုံအား ဖော်ပြထားသလို မြေယာထိန်းချုပ်စီမံမှုကို ပိုမိုဒီမိုကရေစီကျသည့်ရှုထောင့်မှ ထည့်သွင်းစဉ်းစားကာ တရားဝင်အတည်ပြုထားပြီးဖြစ်သည်။ လူထုမှ ထုတ်ဖော်ပြောဆိုလျက်ရှိသည့် အခြေခံမှုများနှင့် သဘောတရားအများအပြားကို နိုင်ငံတကာလူ့အခွင့်အရေးဥပဒေက တရားဝင်အတည်ပြုထားပြီးဖြစ်သည်။

**ICESCR (၁၉၆၆/၇၆) ပါ ပုဒ်မ (၁၁)**

"၁။ လက်ရှိပဋိညာဉ်စာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တစ်ကိုယ်ရေအတွက်ဖြစ်စေ၊ မိသားစုအတွက်ဖြစ်စေ လုံလောက်မျှတသည့် အစာအာဟာရ၊

အဝတ်အစားနှင့် အိုးအိမ်အပါအဝင် လူတစ်ဦးချင်းစီ၏ သင့်တင်မျှတသည့်လူနေမှုအဆင့်အတန်းဆိုင်ရာအခွင့်အရေးနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပိုင်ခွင့်တို့ကို အသိအမှတ်ပြုပေးရမည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဤအခွင့်အရေးကို အမှန်တကယ်ကျင့်သုံးနိုင်ကြောင်းသေချာစေရန် လိုအပ်သလို အရေးယူဆောင်ရွက်ပေး၍လွတ်လပ်သည့်သဘောတူခွင့်ပြုချက်အပေါ် အခြေခံသည့်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၏ မဖြစ်မနေအရေးပါမှုကို သက်ရောက်မှုရှိစေသောပုံစံဖြင့် အသိအမှတ်ပြုပေးရမည်။

၂။ လက်ရှိပဋိညာဉ်စာချုပ်ပါအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လူတစ်ဦးချင်းစီ၏ငတ်မွတ်ခေါင်းပါးမှုမှ ကင်းလွတ်ပိုင်ခွင့်ဆိုင်ရာ အခြေခံအခွင့်အရေးကို အသိအမှတ်ပြုပြီးလိုအပ်သော၊တိကျသောအစီအစဉ်များအပါအဝင်တစ်ကိုယ်တည်းဖြစ်စေ နိုင်ငံတကာအစိုးရများနှင့် ပူးပေါင်း၍ဖြစ်စေအရေးယူဆောင်ရွက်ရမည်။

က။ သဘာဝသယံဇာတ အရင်းအမြစ်များကို အထိရောက်ဆုံးအသုံးချရန်နှင့် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်ရန် နည်းပညာနှင့် သိပ္ပံဆိုင်ရာ အသိပညာဗဟုသုတများကို အပြည့်အဝအသုံးချ၍ဖြစ်စေ၊ အစားအာဟာရဆိုင်ရာအခြေခံသဘောတရားများနှင့် ပတ်သက်သည့် အသိပညာများကို ဖြန့်ဝေပေးခြင်းဖြင့်ဖြစ်စေ၊ လယ်ယာဥယျာဉ်ခြံမြေစနစ်များကို ပြုပြင်ပြောင်းလဲ၍ သို့မဟုတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ အစရှိသော နည်းလမ်းဖြင့် အစားအစာထုတ်လုပ်မှု၊ ထိန်းသိမ်းမှုနှင့် ဖြန့်ဖြူးမှုတို့အား တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ရန်၊

ခ။ ကမ္ဘာ့စားနပ်ရိက္ခာထောက်ပံ့မှုအား လိုအပ်ချက်အလိုက် သာတူညီမျှရှိရှိဖြင့် ဖြန့်ဖြူးပေးနိုင်ရန်အတွက် အစားအစာတင်ပို့သည့် နိုင်ငံများနှင့် တင်သွင်းသည့်နိုင်ငံများ၌ ကြုံတွေ့ရသည့် ပြဿနာအခက်အခဲများကို ကူညီကိုင်တွယ်ဖြေရှင်းပေးရန်။”

**၁၉၉၉ ခုနှစ် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကော်မတီ၏ အထွေထွေမှတ်ချက် ၁၂**

“၂၆။ (နိုင်ငံတော်) မဟာဗျူဟာသည် စားနပ်ရိက္ခာ သို့မဟုတ် စားနပ်ရိက္ခာဆိုင်ရာ

အရင်းအမြစ်များကိုရယူသုံးစွဲရာ၌ခွဲခြားဆက်ဆံမှုမရှိအောင်ကာကွယ်တားဆီးရန်အတွက် လိုအပ်ချက်အပေါ် အထူးဂရုပြု အာရုံစိုက်သင့်သည်။ ဤနေရာ၌ အထူးသဖြင့် အမျိုးသမီးများအတွက် အမွေဆက်ခံပိုင်ခွင့်၊ မြေယာနှင့် အခြား ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ ဆိုင်းငံ့ချေးငွေ၊ သဘာဝဂေယံဇာတအရင်းအမြစ်များနှင့် သင့်လျော်သည့်နည်းပညာ အခွင့်အရေးတို့ အပါအဝင် စီးပွားရေးဆိုင်ရာ အရင်းအမြစ်များအပေါ် အပြည့်အဝ တန်းတူရယူသုံးစွဲပိုင်ခွင့် အာမခံချက်များ၊ နေ့စားအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများအတွက် သင့်တင်မျှတစွာ နေထိုင်စားသောက်နိုင်ရန်အတွက်ဝင်ငွေရရှိသောအလုပ်များနှင့်ကိုယ်ထူကိုယ်ထ လုပ်ငန်းတို့ကို လေးစားအသိအမှတ်ပြု၍ ကာကွယ်ပေးသော လုပ်ဆောင်ချက်များ (ပဋိညာဉ်မူ၏ ပုဒ်မ ၇(က-၂) တွင် ဖော်ပြထားသကဲ့သို့)၊ သစ်တောများ အပါအဝင်မြေယာဆိုင်ရာ အခွင့်အရေးများ တရားဝင်မှတ်ပုံတင်မှုများကို ဆက်လက်ထိန်းသိမ်းထားရှိရန် တို့ပါဝင်သင့်သည်။”

**ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း (FAO)၏ ကောင်စီမှ ရေးဆွဲအတည်ပြုခဲ့သည့် စားနပ်ရိက္ခာဆိုင်ရာ အခွင့်အရေးနှင့် ပတ်သက်သည့် ဆန္ဒအလျောက်လမ်းညွှန်ချက် စည်းမျဉ်းများ (၂၀၀၄)**

“လမ်းညွှန်ချက် ၈(ခ)

*မြေယာ*

၈-၁၀။ အစိုးရများအနေဖြင့် မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုရှိစေရန် ကာကွယ်စောင့်ရှောက်၍ အားပေးမြှင့်တင်ပေးသည့် လုပ်ဆောင်ချက်များကို ဖော်ဆောင်ပေးရမည်။ အထူးသဖြင့် အမျိုးသမီးများ၊ ဆင်းရဲသားများနှင့် လူ့ဘောင်အသိုက်အဝန်းမှ အကျိုးခံစားခွင့်နည်းပါးသူများကို လေးစားအသိအမှတ်ပြု၍ အမွေဆက်ခံပိုင်ခွင့်အပါအဝင် မြေနှင့် အခြားပစ္စည်းဥစ္စာများအပေါ် တန်းတူညီမျှ အပြည့်အဝပိုင်ဆိုင်ခွင့်ကို ကာကွယ်ပေးသည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးရမည်။ အမျိုးသမီးနှင့် ဆင်းရဲသားနင်းပြားများ၏ မြေယာရယူသုံးစွဲပိုင်ခွင့်ကို အားပေးမြှင့်တင်ပေရန် မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် အစိုးရများ အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးတာဝန်ဝတ္တရားများနှင့် ကြောင်းကျိုးညီညွတ်၍ တရားဥပဒေစိုးမိုးရေးနှင့်ကိုက်ညီသည့် တရားရေးနှင့် မူဝါဒရေးရာ ယန္တရားများကို သင့်လျော်သကဲ့သို့ ရေးဆွဲဖော်ထုတ်ရန် စဉ်းစားသင့်သည်။

အဆိုပါယန္တရားများသည် ရေရှည်တည်တံ့မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုရှိသည့် မြေယာအသုံးပြုမှုဖြစ်စေရန် အားပေးတိုက်တွန်းသင့်သည်။ ထို့ပြင် ဌာနေတိုင်းရင်းသား ရပ်ရွာလူထုများ၏ အနေအထားနှင့် ပတ်သက်၍ အထူးတလည် ဦးစားပေးစဉ်းစားရန် လိုအပ်သည်။"

ဤအခြေခံမှုများနှင့် လက်ရှိအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များအပြင်နောက်ပိုင်း၌ မြေယာကို စီးပွားရေးဆိုင်ရာ ကိစ္စရပ်သက်သက်မဟုတ်ဘဲ ကျိန်းသေပေါက် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်တစ်ခုအဖြစ် တိုး၍ တဖြည်းဖြည်းအသိအမှတ်ပြုလာကြသည်။ တစ်ချိန်တည်းလိုလို၌ မြေယာနှင့် သဘာဝသယံဇာတအရင်းအမြစ်ဆိုင်ရာဥပဒေမူဘောင်များကိုစီးပွားရေးအမြင်သက်သက်ဖြင့် စည်းကြပ်ရေးဆွဲလေ့ရှိနေသလို လူ့အခွင့်အရေးဦးတည်ချက်သို့ ရွေ့လျားပြောင်းလဲလာသည့် နိုင်ငံတကာစံချိန်စံညွှန်းများ တိုးတက်ပေါ်ထွန်းလာလျက်ရှိသည်။

ထူးခြားသည့် နည်းလမ်းကိရိယာတစ်ခုမှာ "အမျိုးသားစားနပ်ရိက္ခာဖူလုံရေး အခင်းအကျင်းအရ မြေယာ၊ သားငါးနှင့် သစ်တောများ လုပ်ပိုင်ခွင့်အား စီရင်အုပ်ချုပ်ရာ၌ လိုက်နာရမည့် လမ်းညွှန်ချက်များ" ဖြစ်သည်။ ("TGs" သို့မဟုတ် အတိုကောက်အနေဖြင့် "လမ်းညွှန်ချက်များ"ဟုလည်း သိထားကြသည်) ။ မြန်မာနိုင်ငံသူနိုင်ငံသားများအတွက် ဆက်စပ်မှုရှိသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ ယန္တရားပေါင်းများစွာကို TGs ၌ ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။

TGs ကို ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီ (CFS) ဟုခေါ်သည့် အစိုးရပေါင်းစုံပါဝင်သောကုလသမဂ္ဂဌာနတစ်ခုမှ ၂၀၁၂ ခုနှစ်အတွင်းရေးဆွဲအတည်ပြုခဲ့ခြင်းဖြစ်သည်။ TGs ၏ထူးခြားချက်မှာ ရေးဆွဲဖော်ထုတ်ရာ၌ ကမ္ဘာအနှံ့အပြားရှိ လူမှုရေးတရားမျှတမှုကို အခြေခံသည့် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် လူထုလှုပ်ရှားမှုအဖွဲ့အစည်းပေါင်းများစွာမှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါလမ်းညွှန်ချက်များသည် နိုင်ငံတကာအစိုးရများအားလုံး သဘောတူလက်ခံသည့် စံနှုန်းစည်းမျဉ်းဖြစ်ပြီး လက်ရှိတည်ဆဲမြေယာနှင့် သဘာဝသယံဇာတအရင်းအမြစ်ဆိုင်ရာ အမြင့်ဆုံးသဘောတူညီချက်တစ်ခုလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် TGs သည် အပျော့စားဥပဒေ သို့မဟုတ် အကြောင်းအရာတစ်ခုအပေါ် သီးခြားစံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်တို့ကို ပေါင်းစပ်ပြဋ္ဌာန်းထားသည်။ သို့သော် မဖြစ်မနေလိုက်နာရန် ဥပဒေအရစည်းကြပ်ထားခြင်းမရှိသဖြင့် အချို့သောသူများက မိမိတို့၏

အခွင့်အရေးများကို တောင်းဆိုရာ၌ ထိရောက်မှုမရှိမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။ TGs သည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ (ESCR) အပေါ် အလေးပေးအာရုံစိုက်သည့် ပထမဦးဆုံးသော အပြည်ပြည်ဆိုင်ရာ အပျော့စား ဥပဒေမူဘောင်တစ်ခုဖြစ်ပြီး မြေယာ၊ သားငါးနှင့် သစ်တောများအပေါ် မည်သို့စည်းကြပ် အုပ်ချုပ်နိုင်မည်နည်းဟူ၍ မေးစရာရှိလာသည်။

အပျော့စားဥပဒေသည် နိုင်ငံတော်အဆင့် သို့မဟုတ် နိုင်ငံတကာအဆင့်၌ ဥပဒေရေးဆွဲဖော်ထုတ်ရာတွင် ပေါင်းစပ်စည်းကြပ်နိုင်သော ရှေ့ပြေးပြင်ဆင်ချက်ဖြစ်လာနိုင်သည်။ TGs အနေဖြင့် အခြေခံလူ့အခွင့်အရေးဆိုင်ရာ သဘောတရားများနှင့် မူဘောင်များအပေါ်၌ အခိုင်အမာအခြေခံထားပြီး CFS မှ အတည်ပြုသဘောတူလက်ခံထားခြင်းဖြင့် မြေယာဆိုင်ရာအခွင့်အရေးအတွက် တောင်းဆိုနိုင်အောင် တုံးခုပေးသည့် ကြားခံအဖြစ်အဓိပ္ပာယ်ဖွင့်ဆို၍ အသုံးပြုနိုင်ရန် အလားအလာတစ်ခုအဖြစ် ပေါ်ပေါက်လာစေခဲ့သည်။

TGs အတွင်း မြေယာလုပ်ပိုင်ခွင့် အခွင့်အရေးကို ဆုပ်ကိုင်၍ မြေနှင့် ဒွန်တွဲလျက်ရှိသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးအပေါ် အစိုးရများမှ လေးစားအသိအမှတ်ပြုလာအောင်တောင်းဆိုရာ၌ အထောက်အကူပြုနိုင်သည့် အရေးပါသောပြဋ္ဌာန်းချက်အမြောက်အများပါရှိသည်။

***မြေယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် အခွင့်အရေးကို အသိအမှတ်ပြုခြင်း၊ လေးစားလိုက်နာခြင်း၊ အကာအကွယ်ပေးခြင်းနှင့် အားပေးမြှင့်တင်ပေးရမည်။***

- ပုဒ်မ (၃-၁-၁)။ (အစိုးရအနေဖြင့်) "တရားဝင် လုပ်ပိုင်ခွင့်ရှိသူများနှင့် ၎င်းတို့၏အခွင့်အရေးများအားလုံးကို အသိအမှတ်ပြု လေးစားလိုက်နာရမည်။"
- ပုဒ်မ (၃-၁-၂)။ (အစိုးရအနေဖြင့်) "တရားဝင်လုပ်ပိုင်ခွင့် အခွင့်အရေးများကို ခြိမ်းခြောက်မှုနှင့် ထိပါးနှောက်ယှက်မှုရန်များမှ ကာကွယ်စောင့်ရှောက်ပေးရမည်။"
- ပုဒ်မ (၃-၁-၃)။ (အစိုးရအနေဖြင့်) "တရားဝင်လုပ်ပိုင်ခွင့်အခွင့်အရေးများကို ရရှိခံစားနိုင်စေရန် အထောက်အကူပြုကာ အားပေးမြှင့်တင်ပေးရမည်။"
- ပုဒ်မ (၄-၅)။ "အစိုးရအနေဖြင့် တရားဝင်လုပ်ပိုင်ခွင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးပြီး ပြည်သူများအား ၎င်းတို့၏မြေမှ အတင်း

အဓမ္မမောင်းထုတ်ခံရမှုမရှိစေရန်နှင့် ၎င်းတို့၏ တရားဝင်လုပ်ပိုင်ခွင့် အခွင့်အရေးများကို တစ်နည်းတည်းဖြင့် ထိပါးနှောက်ယှက်မှု သို့မဟုတ် မေးမှိန်ပျောက်ကွယ်သွားစေရန် လုပ်ဆောင်ခြင်းမျိုး မရှိအောင် သေချာစွာ ဆောင်ရွက်ပေးရမည်။"

- ပုဒ်မ (၁၂-၆)။ "အစိုးရအနေဖြင့် အကြီးစားမြေယာလုပ်ပိုင်ခွင့် လွှဲပြောင်းမှုများကြောင့် ထွက်ပေါ်လာနိုင်သည့် ခြိမ်းခြောက်မှုအန္တရာယ်များမှ တရားဝင်လုပ်ပိုင်ခွင့် အခွင့်အရေးများ၊ လူ့အခွင့်အရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ စားနပ်ရိက္ခာဖူလုံရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ကာကွယ်စောင့်ရှောက်ရန်အတွက် စိတ်ချလုံခြုံမှုရှိစေသည့်နည်းလမ်းများ လုပ်ဆောင်ပေးသင့်မည်။"

***မြေယာနှင့် ဒွန်တွဲလျက်ရှိသည့် ကွဲပြားသောအဓိပ္ပာယ်ဖွင့်ဆိုမှုများနှင့် ရှုထောင့်ကဏ္ဍပေါင်းစုံမှ လက္ခဏာရပ်တို့ကို အသိအမှတ်ပြုသင့်သည်။***

- ပုဒ်မ (၉-၁)။ "အစိုးရနှင့် အစိုးရမဟုတ်သည့် ပါဝင်ဆောင်ရွက်သူများအနေဖြင့် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်စနစ်များကို ကျင့်သုံးနေဆဲဖြစ်သည့် ဌာနေတိုင်းရင်းသားများနှင့် အခြားရပ်ရွာလူထုများအတွက် မြေယာ၊ သားငါးနှင့် သစ်တောများ၌ လူမှုရေး၊ ယဉ်ကျေးမှု၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် နိုင်ငံရေးအရ တန်ဖိုးထားမှုများရှိသည်ကို အသိအမှတ်ပြုသင့်သည်။"

***အဖွဲ့အစည်းဆိုင်ရာ မူဘောင်များအတွင်း မြေနှင့်ပတ်သက်သည့် ကွဲပြားသောအဓိပ္ပာယ်ဖွင့်ဆိုချက်များကို ထင်ဟပ်ပါဝင်စေသင့်သည်။***

- ပုဒ်မ (၅-၃)။ "မူဘောင်များအနေဖြင့် မြေယာ၊ သားငါးနှင့် သစ်တောများ၏ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအရ အရေးပါမှုကို ထင်ဟပ်ပါဝင်စေသင့်သည့် မူဘောင်များအနေဖြင့် မြေယာ၊ သားငါး၊ သစ်တောများနှင့် ၎င်းတို့အား အသုံးပြုရာတွင် အချင်းချင်းအပြန်အလှန်ဆက်စပ်မှုများ ရှိနေမှုကို ထင်ဟပ်အကျုံးဝင်စေပြီး ၎င်းတို့အား စီမံခန့်ခွဲရာတွင် ဘက်စုံချိတ်ဆက်ချဉ်းကပ်လုပ်ဆောင်မှုပုံစံမျိုးပေါ်ပေါက်လာရန် ဖော်ဆောင်သင့်သည်။"

- ပုဒ်မ (၁၈-၂)။ "တန်ဖိုးဖြတ်ခြင်းနှင့် ဆက်စပ်လျက်ရှိသည့် မူဝါဒများနှင့် ဥပဒေများအနေဖြင့် ၎င်းတို့၏ရာဖြတ် စနစ်အတွင်း လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ ယုံကြည်ကိုးကွယ်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးများကဲ့သို့သော ဈေးကွက်ပြင်ပရှိ အခြားတန်ဖိုးထားမှုများကိုလည်း ထည့်သွင်းစဉ်းစားနိုင်ရန် ကြိုးပမ်းလုပ်ဆောင်သင့်သည်။"

ကျေးလက်ရပ်ရွာလူထုများအနေဖြင့်လည်း မိမိတို့၏ စုပေါင်းလုပ်ဆောင်ချက်နှင့်ပူးပေါင်းလုပ်ဆောင်ရေးမဟာဗျူဟာများကိုပုံဖော်ရေးဆွဲရာ၌ဤလမ်းညွှန်ချက်များကိုအသုံးပြု၍ မိမိတို့၏ မြေယာ၊ သားငါးနှင့် သစ်တောဆိုင်ရာ လုပ်ပိုင်ခွင့်များကိုခိုင်မာအားကောင်းလာအောင် တည်ဆောက်နိုင်ပြီး လက်ရှိပြိုင်ဆိုင်မှုပြင်းထန်လျက်ရှိသည့်မြေနှင့်အခြားသယံဇာတအရင်းအမြစ်များအပေါ် အောက်ခြေမှအထက်အဆင့်ဆင့်တာဝန်ခံမှုရှိအောင် လုပ်ဆောင်နိုင်ပါသည်။ TGs ၌ အထူးသဖြင့် ဆက်နွယ်ပတ်သက်လျက်ရှိသည့် စံချိန်စံညွှန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များပါရှိရုံသက်သက်သာမက အခြားတစ်ဖက်တွင်လည်း စုံစမ်းစစ်ဆေးမှု၊ ဆန်းစစ်သုံးသပ်မှုနှင့် လုပ်ဆောင်ချက်များအတွက် နည်းလမ်းကိရိယာတစ်ခုအနေဖြင့်အသုံးပြု၍ မည်ကဲ့သို့ ထိုစံချိန်စံညွှန်းတို့ကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်မည်ဆိုသည့် အခြေခံအုတ်မြစ်များကို ဖော်ထုတ်ပေးထားသဖြင့် အလွန်အသုံးဝင်သည်။

TGs သည် အစိုးရများနှင့် အခြားပါဝင်ဆောင်ရွက်သူများအား မြေယာ၊ သားငါးနှင့်သစ်တောလုပ်ပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းဥပဒေများ ရေးဆွဲဖော်ထုတ်ရာ၌ တာဝန်ယူမှုရှိစေသည့် စံချိန်စံညွှန်းများကို ဖော်ထုတ်ပေးသည်။ ဤနည်းအားဖြင့် တိကျသောအရေးကိစ္စများကို စုံစမ်းစစ်ဆေးရန်နှင့် အောက်ခြေမှအထက် အဆင့်ဆင့်တာဝန်ခံမှုရှိစေသည့် လုပ်ဆောင်ချက်များကိုပြင်ဆင်ရာတွင် ဖိအားပေးနိုင်သည့် စံစည်းမျဉ်းစည်းကမ်းပေါင်းများစွာကို ဖန်တီးပေးလျက်ရှိသည်။ သဘောတရားအရဆိုလျှင် ဤကဲ့သို့သောစည်းရုံးလှုံ့ဆော်မှုသည် ပိုမိုတာဝန်ခံမှုရှိသည့် လမ်းကြောင်းသို့ ဦးတည်သွားစေလေ့ရှိသည်။ သို့ရာတွင် မည်သည့်ဥပဒေ သို့မဟုတ် စံချိန်စံညွှန်းမျှမိမိဘာသာ သို့မဟုတ် ကိုယ်တိုင်အကောင်အထည်ဖော်လေ့မရှိဘဲ ကွဲပြားမှုများရှိပြီး အဓိပ္ပာယ်ဖွင့်ဆိုမှုများထိပ်တိုက်အပြိုင်အဆိုင်ဖြစ်သည့်အလားအလာမျိုးပေါ်ပေါက်လာစေနိုင်သောကြောင့် စုံစမ်းစစ်ဆေးမှု၊ ပြန်လည်သုံးသပ်မှုနှင့် အရေးယူ ဆောင်ရွက်ချက် ဖြစ်စဉ်များတွင် ပတ်သက်မှုရှိသော တစ်ဦးချင်းစီ၏ အဓိပ္ပာယ်ဖွင့်ဆိုမှုများကို ကြိုတင်၍ အလေးအနက်ထားထည့်သွင်းစဉ်းစားရန်လည်း လိုအပ်သည်။

## အခွင့်အရေးအားလုံး၏ အခြေခံအကျဆုံးသော လူ့အခွင့်အရေးမှာ အခွင့်အရေးများအား ရရှိပိုင်ခွင့်ဖြစ်သည်။

သို့သော်လည်း လူ့အခွင့်အရေးဆိုင်ရာ အမာစားနှင့် အပျော့စားဥပဒေမူဘောင်များနှင့် ပြဋ္ဌာန်းချက်များသည် စမှတ်သက်သက်သာဖြစ်သည်။ အဆုံး၌ လူထုသည်သာလျှင် လူ့မှုအသိုက်အဝန်းအတွင်း လက်တွေ့ကျသည့် ဥပဒေကောင်းများကို ရေးဆွဲဖန်တီးရမည်။ မည်သည့်ဥပဒေသည် သယံဇာတအရင်းအမြစ်လုယူနိုင်ရန် မည်သူ့ကိုမျှ ကာကွယ်ပေးခြင်းမပြုရပေ။ ကမ္ဘာတစ်လွှားနှင့် သမိုင်းကြောင်းတစ်လျှောက် သဘာဝသယံဇာတအရင်းအမြစ်များကို ပိုင်စိုးမှု၊ အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုအတွက် တရားဝင်အခွင့်အရေး လက်ဝယ်ပိုင်ဆိုင်ထားကြသည့် လူထုများသည်ပင်လျှင် အလုယူခံရလျက်ရှိသည်။ ကံမကောင်းစွာဖြင့် မိမိတို့၏ မြေယာ၊ သားငါး သို့မဟုတ် သစ်တောအရင်းအမြစ်များကို လုယူခံရခြင်းမရှိအောင် တရားဝင်အခွင့်အရေးရှိရုံသက်သက်ဖြင့် အာမခံပေးထားနိုင်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၌တရားဝင်အခွင့်အရေးရှိပါကအဆိုပါအခွင့်အရေးများကိုလက်တွေ့အောက်ခြေတွင်ပါ လေးစားလိုက်နာမှုရှိသည်ဟု တိုက်ရိုက်တိကျစွာမပြောနိုင်ပေ။ လေ့လာဆန်းစစ်မှုတစ်ခုပြုလုပ်ရာ၌ ၂၀၁၀ ခုနှစ်မတိုင်မီနှင့် နောက်ပိုင်းတွင် တောင်သူလယ်သမားများအတွက် တရားဝင်အထောက်အထားများ ပိုင်ဆိုင်ထားသော်လည်း မြေယာလုယူမှုမှ ကာကွယ်ရန် သို့မဟုတ် ဆန့်ကျင်ကန့်ကွက်ရန် သိသာထင်ရှားသော အကူအညီရရှိခဲ့ခြင်း မရှိကြောင်း တွေ့ရှိခဲ့သည်။ ဖြေဆိုသူ ၁၁၂၉ ဦး (၄၂.၅ ရာခိုင်နှုန်း) မှမြေယာသိမ်းဆည်းခဲ့စဉ်က ၎င်းတို့၏ လက်ဝယ်၌ အစိုးရမှ တရားဝင်ထုတ်ပေးထားသည့်စာရွက်စာတမ်းအထောက်အထားများ ပိုင်ဆိုင်ထားကြောင်း ပြောဆိုခဲ့ပြီး အခြား ၁၀၅၈ ဦး (၃၉.၈ ရာခိုင်နှုန်း) က မိမိတို့၏ လက်ဝယ်၌ မည်သည့်စာရွက်စာတမ်းအထောက်အထားမျှ ပိုင်ဆိုင်ထားခဲ့ခြင်းမရှိကြောင်းနှင့် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အတူတူပင် သိမ်းဆည်းခံခဲ့ရကြောင်း ပြောဆိုခဲ့သည်။[၁၉]

အဆုံး၌ ကျေးလက်နေရပ်ရွာလူထုများအဖြစ် သတ်မှတ်ထားသည့် အမှန်တကယ်လူထုများအနေဖြင့် အမျိုးသားလွှတ်တော်နှင့် လက်တွေ့မြေပြင်၌ပါ တစ်သားတည်းဖြစ်သည့် စည်းမျဉ်းဥပဒေများဖြစ်လာအောင် လွှမ်းမိုးနိုင်ရန်အတွက် လက်တွေ့ဘဝနှင့် ပိုမိုအပ်စပ်သည့်ပုံစံတွင် ဥပဒေအား လူ့အခွင့်အရေးအဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် သတ်မှတ်နိုင်အောင်ကြိုးပမ်းလုပ်ဆောင်သင့်သည်။ အမှန်တကယ်လူထုသည် မိမိတို့၏ လူ့အခွင့်အရေးကို လက်တွေ့ကျကျကျင့်သုံးနိုင်စေရန် လုပ်ဆောင်မှုအပါ

အဂင်ဥပဒေကို မည်သည့်နေရာ မည်သည့်အခြေအနေ၌မဆို တစ်သားတည်းဖြစ်လာအောင် ကြိုးပမ်းလုပ်ဆောင်သင့် သူများဖြစ်သည်။

## ၅။ ကိုယ့်ရဲ့မြေနဲ့ စပ်ဆိုင်တဲ့ လူ့အခွင့်အရေးတွေကို မြန်မာနိုင်ငံသားတွေဘယ်လိုနည်းလမ်းတွေနဲ့ ကြိုးစားဖော်ထုတ်နေကြသလဲ။

မြန်မာနိုင်ငံတွင် (၁) လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်၍ လေးစားလိုက်နာရန်၊ (၂) လူ့အခွင့်အရေးကို အသိအမှတ်ပြု၊ အားပေးမြှင့်တင်ရန် (၃) လူထုတစ်ရပ်လုံး၏ လူ့အခွင့်အရေးကို ပြန်လည်ဖြည့်ဆည်းပေးရန်နှင့် ပြည်သူလူထုများ၏ ဖမ်းဆုပ်မရသည့် အိပ်မက်နှင့် ဆုံးရှုံးနစ်နာမှုများအတွက် ဖြည့်ဆည်းပေးခံရခြင်း မရှိသေးပဲ လိုအပ်လျက်ရှိသည်။ ထို့ကြောင့် မြေယာနှင့် အခြားဆက်စပ်သယံဇာတ အရင်းအမြစ်များအပေါ် ဒီမိုကရေစီနည်းလမ်းတကျ ရယူသုံးစွဲပိုင်ခွင့်နှင့် ထိန်းချုပ်စီမံပိုင်ခွင့်အတွက် ကြိုးပမ်းအားထုတ်မှုများသည် လူ့အခွင့်အရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများမှ သီးခြားခွဲကာ ဖယ်ထုတ်၍ မရနိုင်ပေ။ မြန်မာနိုင်ငံအနှံ့အပြားရှိ လူထု၏ ရုန်းကန်အားထုတ်မှုများနှင့် လှုပ်ရှားမှုများမှာ မြေယာရယူသုံးစွဲပိုင်ခွင့်နှင့် လူထုကို ကိုယ်စားပြုလျက်ရှိသည့် မြေယာဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးအား ကာကွယ်စောင့်ရှောက်ရန်အတွက် တက်တက်ကြွကြွလုပ်ကိုင် ဆောင်ရွက်ခြင်းဖြစ်သည်။ ရှုထောင့်တစ်ခုတည်းနှင့် စီးပွားရေးအတွက်သာ အခြေခံထားသည့် မြေယာအဓိပ္ပာယ်ဖွင့်ဆိုချက်ကို လူထုလှုပ်ရှားမှုဆန့်သည့်သုတေသနပြုခြင်း၊ ကွန်ရက်ချိတ်ဆက်ခြင်းနှင့် မဟာမိတ်တည်ဆောက်ခြင်းတို့အားဖြင့် အောက်ခြေအဆင့်၊ တရားစီရင်ရေးအဆင့်နှင့် မူဝါဒရေးရာအဆင့်များ၌ သဘောတရားအရ သော်လည်းကောင်း ရုပ်ပိုင်းဆိုင်ရာ အရသော်လည်းကောင်း ငြင်းဆန်ကန့်ကွက်လျက်ရှိသည်။

### အောက်ခြေမြေပြင်မှ ငြင်းဆန်ကန့်ကွက်မှု

မြေယာသိမ်းဆည်းမှုဒဏ်ကို မရှိမဆုံခံစားခဲ့ကြရသည့် တောင်သူလယ်သမားပေါင်းမြောက်များစွာက မိမိတို့၏ မြေ၊ လူ့အခွင့်အရေးတို့ကို ကာကွယ်စောင့်ရှောက်

ရန်နှင့် မိမိတို့၏ မြေယာရယူသုံးစွဲပိုင်ခွင့်၊ ထိန်းချုပ်စီမံပိုင်ခွင့် ရုပ်သိမ်းမှုကို တွန်းလှန်အာခံရန်အတွက် ငြင်းဆန်ကန့်ကွက်ရေးနည်းလမ်းတစ်ခုကို စုစည်းဖော်ထုတ်ခဲ့ကြသည်။

အသိမ်းခံရသည့်မြေ၌ ထွန်တုံးတိုက်ပွဲများ သို့မဟုတ် အတူတကွစုရုံးကာ မြေယာရှင်းလင်းဖော်ထုတ်ခြင်းများ သို့မဟုတ်ပြန်လည်ထွန်ယက်စိုက်ပျိုးမှုကဲ့သို့သော နည်းလမ်းမျိုးကို ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ရှိ တောင်သူလယ်သမားများ အသုံးပြုခဲ့ဖူးသည်။[၂၀] ဤကဲ့သို့သော ဆန့်ကျင်ကန့်ကွက်မှုများမှတစ်ဆင့် တောင်သူလယ်သမားများမှ အငြင်းပွားမြေနေရာများနှင့် ပတ်သက်သည့် မိမိတို့၏ ပိုင်ဆိုင်မှုကို အများပြည်သူသိအောင် ထုတ်ဖော်တောင်းဆိုလျက်ရှိသည်။ ရလဒ်အနေဖြင့် တောင်သူလယ်သမားရာပေါင်းများစွာသည် ဆန္ဒထုတ်ဖော်ရန်အတွက် ကြိုတင်ခွင့်ပြုချက်ရယူရန် ပျက်ကွက်မှုအားဖြင့်သော်လည်းကောင်း တရားမဝင်ကျူးကျော်ဝင်ရောက်မှုအားဖြင့်သော်လည်းကောင်း ပုဒ်မတပ်ဖမ်းဆီးခံခဲ့ကြရသည်။[၂၁]

လက်ပံတောင်းနယ်မြေရှိလူပေါင်း ၂၅၀၀ကျော်၏ဘဝများသည်ရေမကြေးနီတူးဖော်ရေးစီမံကိန်းကြောင့် ထိခိုက်နာကျင်ရလျက်ရှိသည်။ နယ်ခံကျေးရွာလူထုများကသတ္တုတွင်း ချဲ့ထွင်မှုကြောင့် ကျေးရွာများထိခိုက်ပျက်စီးရုံမျှမက သတ္တုတူးဖော်ရေးကုမ္ပဏီ၏ ပြန်လည်နေရာချထားရေး၊ လျော်ကြေးနစ်နာကြေး၊ ဆာဖြူရစ်အက်ဆစ်ထုတ်လွှတ်မှုကြောင့်စိုက်ပျိုးမြေနှင့်ရေအရင်းအမြစ်များညစ်ညမ်းမှုအပါအဝင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ကျေးရွာ (၂၆) ရွာရှိ လူထုများ၏ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုအပေါ် ကိုင်တွယ်သည့်ပုံစံကိုလည်း မဆုတ်မနစ် ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။[၂၂] ၎င်းတို့၏ အရေးယူဆောင်ရွက်မှုအတွင်း သတ္တုတွင်းတိုးချဲ့မည့်အစီအစဉ်အပေါ် ဆန့်ကျင်ကန့်ကွက်သူများအား ကုမ္ပဏီသို့ သွားရောက်နိုင်ခြင်းမရှိအောင် ရဲတပ်ဖွဲ့၏ အကူအညီဖြင့်လမ်းများကို ပိတ်ဆို့မှုများလည်း ပါဝင်သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ၌ ဆန့်ကျင်ဆန္ဒပြသူများကို ဝင်ရောက်စီးနင်းဖြိုခွဲရာ၌ ရဲတပ်ဖွဲ့ဝင်များမှ မီးလောင်ပုံးများအသုံးပြုခဲ့သဖြင့် လူပေါင်း (၁၅၀) ကျော် ထိခိုက်ဒဏ်ရာရခဲ့သကဲ့သို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း၌လည်း အသိမ်းဆည်းခံမြေများအတွက် လျော်ကြေးယူရန် ငြင်းဆန်ခဲ့သူများ၏ မြေယာများကို စည်းရိုးခတ်ခဲ့သဖြင့် ဆန့်ကျင်ဆန္ဒပြရာ၌ တောင်သူအမျိုးသမီးတစ်ဦးမှာလည်း သေနတ်ဖြင့်ပစ်သတ်ခြင်းခံခဲ့ရသည်။[၂၃]

ဂေဟဗေဒစနစ်အမျိုးမျိုး စုံလင်သည် သံလွင်မြစ်ကြောင်း၏ ကီလိုမီတာ (၂၈၀၀) ခန့်တွင် တည်ဆောက်သွားရန် အတည်ပြုထားခဲ့သည့် ရေအားလျှပ်စစ်

စွမ်းအင်ထုတ်လုပ်ရေး ရေကာတာခြောက်ခု (အထက်တွင်ဖော်ပြခဲ့သည့် ဟတ်ကြီးရေကာတာအပါအဝင်) အပေါ် ကန့်ကွက်သည့် ရေကာတာဆန့်ကျင်ရေးလှုပ်ရှားမှုသည် မိမိတို့၏ မြစ်ကို ရောင်းချမှုသာမက ရေကာတာများနှင့် ဆက်စပ်ထွက်ပေါ်လာလေ့ရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကိုပါ ကန့်ကွက်ဆန္ဒပြခြင်းဖြစ်သည်။[၂၄] ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများနှင့် စစ်ဘေးဒုက္ခသည်အများစုပါဝင်သည့် လှုပ်ရှားတက်ကြွသူပေါင်း ၂၀၀၀ ကျော်ခန့်သည် မြစ်၏ ကြီးကျယ်အရေးပါမှုကို ဖော်ကျူးသည့်အနေဖြင့် သံလွင်မြစ်အထိမ်းအမှတ်နေ့ကို စီစဉ်ကျင်းပ၍ ကမ္ဘာအနှံ့ရှိ မြစ်များကို ထိန်းသိမ်းကာကွယ်ရန် တောင်းဆိုခဲ့ကြသည်။[၂၅] **"ရေကာတာအလိုမရှိ .... သံလွင်သည်ရောင်းရန်မဟုတ်"** ဟူသည့် နဖူးစည်းဆောင်ပုဒ်အားဖြင့် မိမိတို့လိုလားချက်ကို ထုတ်ဖော်ခဲ့ကြပြီး အဆိုပါနဖူးစည်းစာတန်းနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်ထိခိုက်မှု လေ့လာဆန်းစစ်ရေး အကြံပေးများနှင့် တွေ့ဆုံကာ သတင်းစကားအား ရှင်းရှင်းလင်းလင်းဖော်ထုတ်ပြခဲ့သည်။[၂၆]

အထက်တွင်ဖော်ပြခဲ့သည့် ငြင်းဆန်ကန့်ကွက်ရေးလှုပ်ရှားမှုများမှ အလွန်တရာရှုပ်ထွေးပြင်းထန်သော မြစ်ဆုံရေကာတာနှင့် ပတ်သက်၍ "ဆောက်လုပ်ရေးလုပ်ငန်းများ မစတင်မီအချိန်ကတည်းက ဆန့်ကျင်ကန့်ကွက်လာခဲ့ကြသည်။"[၂၇] ထိုအချိန်မှစ၍ အမျိုးသားအဆင့် ရေကာတာဆန့်ကျင်ရေးလှုပ်ရှားမှုများသည် ဆန်းသစ်သည့်လှုပ်ရှားမှုပုံစံသစ်များနှင့် နယ်ခံတိုင်းရင်းသားလူနည်းစုအဖွဲ့များအား စုစည်းခြင်းအားဖြင့် သိသိသာသာ တစ်ရှိန်ထိုးအားကောင်းလာခဲ့သည်။ အနုပညာရှင်များနှင့် လူမှုမီဒီယာများ၏အကူအညီဖြင့် လက်ရှိရပ်ဆိုင်းထားသည့်ရေကာတာကိုအပြီးအပိုင်ဖျက်သိမ်းရန်အတွက် နိုင်ငံတကာသို့ အသနားခံစာတင်သည့် လူထုလှုပ်ရှားမှုနှင့် ဆန့်ကျင်ကန့်ကွက်သည့် ဗီဒီယိုမှတ်တမ်းတိုများ ဖြန့်ဝေခြင်းဖြင့် တစ်ကမ္ဘာလုံး၏ အာရုံစိုက်မှုရရှိခဲ့သည်။[၂၈]

## တရားစီရင်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှု

အောက်ခြေမှ ငြင်းဆန်ကန့်ကွက်မှုကို အားဖြည့်သည့်အနေဖြင့် ဥပဒေကို အသုံးပြုကာ မိမိတို့၏ မြေယာဆိုင်ရာ အခွင့်အရေးများကို တောင်းဆိုခဲ့ကြသည်။ မြန်မာနိုင်ငံအနှံ့ရှိ တစ်သီးပုဂ္ဂလများနှင့် လူထုလူတန်းစားများကလည်း တရားရုံးများမှတစ်ဆင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မြေယာကျူးကျော်သိမ်းပိုက်မှုများကို အံတုဖက်ပြိုင်လျက်ရှိသည်။

ဤနည်းဗျူဟာကို ဟူးကောင်းတောင်ကြားမှ အမျိုးသမီးနှင့် အမျိုးသားများလည်း အသုံးပြုခဲ့ကြသည်။ ၂၀၁၀ ခုနှစ်အစောပိုင်း၌ တောင်သူလယ်သမားတစ်ရာကျော်အတူတကွစုစည်း၍အသနားခံစာတင်သွင်းခဲ့ပြီးနောက်ဟူးကောင်းတောင်ကြားကျားထိန်းသိမ်းရေးနယ်မြေပတ်ဝန်းကျင်၌ ယုဇနကုမ္ပဏီမှ ကျူးလွန်ခဲ့သည့် မြေယာသိမ်းဆည်းမှုများနှင့် အတင်းအကျပ်ရွှေ့ပြောင်းနေရာချထားမှုများအတွက် အစိုးရစစ်တပ်နှင့်နီးစပ်မှုရှိသည့်ရန်ကုန်အခြေစိုက်အရင်းရှင်စီးပွားရေးသမားတစ်ဦးဖြစ်သူဦးဌေးမြင့်အပေါ် ဥပဒေကြောင်းအရ အရေးယူစေခဲ့သည်။[၂၉] ယုဇနကုမ္ပဏီ၏ ပီလောပီနံနှင့် ကြံစိုက်ပျိုးရေး စီမံကိန်းများ ဖော်ဆောင်နိုင်စေရန်အတွက် ကျေးရွာပေါင်းများစွာကို အပြီးအပိုင်ရွှေ့ပြောင်းနေရာချခဲ့ပြီး သစ်တောများနှင့် တောရိုင်းတိရစ္ဆာန်များ ရှင်သန်နေထိုင်သည့် နေရာများကို တောင်သူလယ်သမားများ၏ လယ်ယာမြေများနှင့် နှစ်ရှည်သီးနှံစိုက်ခင်းများနှင့်အတူ ဖျက်ဆီးပစ်ခဲ့သည်။[၃၀] သို့ရာတွင် တရားရုံးဆုံးဖြတ်ချက်သည် တောင်သူလယ်သမားများကို ပြန်လည်အစားထိုးပေးရန် တစ်ဧကလျှင် (မြေယာများကို ပြန်လည်အပ်နှံခြင်းမရှိ) အမေရိကန်ဒေါ်လာ ၈၀ ခန့်ကိုသာ လျော်ကြေးနှစ်နာကြေးအဖြစ် သတ်မှတ်ပေးခဲ့သဖြင့် တောင်သူလယ်သမားပေါင်း (၁၇) ဦးက အဆိုပါကမ်းလှမ်းချက်ကို ငြင်းဆန်ခဲ့ကြသည်။[၃၁]

၂၀၁၂ ခုနှစ်အထိ အောက်ခြေမြေပြင်အဆင့်နှင့် တရားစီရင်ရေးအဆင့် စည်းရုံးလှုံ့ဆော်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး တောင်သူလယ်သမားများမှာ ရန်ကုန်အထိလာရောက်ဆန္ဒထုတ်ဖော်ကာ အစိုးရဌာနနှင့် အာဏာပိုင် အသီးသီးသို့ အသနားခံစာများ ရေးသားတင်သွင်းခဲ့ကြသည်။ ဦးဌေးမြင့်ကလည်း လျော်ကြေးနှစ်နာကြေး လက်ခံရယူခြင်းမရှိသည့် တောင်သူလယ်သမားများ၏ မြေယာများကို ပြန်လည်ပေးအပ်ရန် သဘောတူခဲ့သော်လည်း လက်ရှိမြေယာသည် ထွန်ယက်စိုက်ပျိုးရန် သင့်လျော်မှု မရှိတော့ပေ။ သို့ဖြစ်၍ တောင်သူလယ်သမားများသည် မြေယာများကို သင့်လျော်သည့်ပုံစံဖြင့် ပြန်လည်အပ်နှံပေးရန်နှင့် မြေယာသိမ်းဆည်းခဲ့ချိန်မှစ၍ နှစ်အလိုက် အသက်မွေးဝမ်းကျောင်းဆိုင်ရာဆက်စပ်ပျက်စီးဆုံးရှုံးမှုများအတွက်ပါနစ်နာကြေးပေးရန် တောင်းဆိုခဲ့ကြသည်။[၃၂] ဆက်လက်အမှုရင်ဆိုင်နေစဉ်အတွင်း အခွင့်အရေးများကို ငြင်းပယ်ခံခဲ့ရသည့် လူအုပ်စုများအတွက် မြေယာအခွင့်အရေးများအားထိန်းသိမ်းကာကွယ်ရာ၌ တရားရေးဆိုင်ရာ မူဘောင်များနှင့် အရေးယူဆောင်ရွက်ချက်များကို ရယူသုံးစွဲနိုင်မှု၏ တန်ဖိုးကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

လက်တွေ့လှုပ်ရှားမှုသုတေသနပြုခြင်းသည် ထိခိုက်ခံစားရသည့် လူထုလူတန်းစားများမှ လှုပ်ရှားတက်ကြွသူများအား ၎င်းတို့ကိုယ်တိုင် စည်းရုံးလှုံ့ဆော်သူများဖြစ်လာစေရန်၊ မိမိတို့ ကိုယ်ပိုင်သုတေသနအစီအစဉ်များ ရေးဆွဲဖော်ထုတ်နိုင်စေရန်၊ မူဝါဒပြောင်းလဲရေးအတွက် လျှောက်လဲတင်ပြရာ၌ လိုအပ်သည့် ထောက်ကူပစ္စည်းကိရိယာများ ရေးဆွဲဖော်ထုတ်နိုင်စေရန်နှင့် မီဒီယာအမျိုးမျိုးကို အသုံးပြု၍ မိမိတို့၏ အသိပညာများကို ဖြန့်ဝေနိုင်စေရန် အားဖြည့်ထောက်ကူပေးလျက်ရှိပြီး ၎င်းတို့ကိုယ်စား ပြောဆိုပေးသည့် သို့မဟုတ် ၎င်းတို့၏ အကျိုးစီးပွားများကို ကိုယ်စားပြုတောင်းဆိုပေးသူများ၏ အရည်အချင်းများကို စေ့စေ့စပ်စပ်ချင့်ချိန်သုံးသပ်နိုင်စေပြီး မိမိတို့အကြောင်းကို မိမိတို့ကိုယ်တိုင် ပြောဆိုလာနိုင်အောင် အထောက်အကူပြုပေးသည်။ ဤသုတေသနကို စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လူမှုရေးဆိုင်ရာ ပြောင်းလဲမှုမှသည် ဒီမိုကရေစီအခြေခံသဘောတရားများသို့ ဦးတည်စေသည့် နိုင်ငံရေး လှုပ်ရှားမှုဖြင့် ပေါင်းစပ်အားဖြည့်ထားခြင်းဖြစ်သည်။

ဒို့မြေကွန်ရက် (LIOH သို့မဟုတ် ဒို့မြေ) အပါအဝင် မြန်မာနိုင်ငံအတွင်းရှိအရပ်ဘက်လူမှုအဖွဲ့အစည်းပေါင်းများစွာသည် ဓလေ့ထုံးတမ်းအရ လက်တွေ့ကျင့်သုံးမှုတန်ဖိုးကို မီးမောင်းထိုးပြရန်အတွက် မြန်မာနိုင်ငံအနှံ့အပြားရှိ မြေယာသိမ်းယူမှုဆိုင်ရာ အဖြစ်အပျက်များနှင့် နောက်ဆက်တွဲလူထုလူတန်းစားအပေါ် သက်ရောက်မှုများကို မှတ်တမ်းတင်ထုတ်ပြန်ရန်အတွက် လက်တွေ့လှုပ်ရှားမှုသုတေသနကို အသုံးပြုလုပ်ဆောင်လျက်ရှိသည်။ ဒို့မြေကွန်ရက်၏ လတ်တလောထုတ်ပြန်ခဲ့သည့် "မြေယာလုယက်သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဝများကို ဖျက်ဆီးကြခြင်း- မြန်မာပြည်တစ်ဝှမ်း မြေယာသိမ်းယူမှုအကျိုးဆက် လေ့လာဆန်းစစ်ချက်များ အစီရင်ခံစာတွင် တိုင်းခုနစ်တိုင်းနှင့် ပြည်နယ်ခြောက်ခုရှိ ကျေးရွာပေါင်း ၃၂၉ ရွာမှ ရွာသားပေါင်း ၂၅ဂဂ ကျော်၏အတွေ့အကြုံများနှင့်အမြင်သဘောထားများကိုထုတ်ဖော်ပြောဆိုထားသည်။ အစီရင်ခံစာအတွင်း ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျမြေယာသိမ်းယူများသည် ၎င်းတို့၏ဘဝများအပေါ် ပုံစံအမျိုးမျိုးဖြင့် ပြင်းပြင်းထန်ထန်သက်ရောက်ထိခိုက်မှုများကို လေ့လာမှတ်တမ်းတင်ထားပြီး အထူးသဖြင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူနည်းစုများ နှင့်ပတ်သက်သည့် အခွင့်အရေးနှင့် အခြေခံမှုများကို ပြင်ဆင်ပြဋ္ဌာန်းပေးရန် တောင်းဆိုထားသည်။

## အမျိုးသားမြေအသုံးချမှု မူဝါဒ

မြေယာရယူသုံးစွဲပိုင်ခွင့်ကို ထိန်းချုပ်သည့် နည်းလမ်းတစ်ခုမှာ မြေယာမူဝါဒနှင့်ဥပဒေမူဘောင်များမှတစ်ဆင့်စည်းကြပ်အုပ်ချုပ်ခြင်းဖြစ်သည်။အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဩဇာအာဏာကြီးမားသည့် ရေပေါ်ဆီ လူတန်းစားများ (ပြည်တွင်းနှင့်နိုင်ငံတကာ) သည် အဓိကအားဖြင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျသည့် တန်ဖိုးများအပေါ် အခြေတည်ထားသည့် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိပညာဗဟုသုတများကိုအားပျော့သွားစေပြီးမြေယာစုစည်းရယူမှုနှင့်ဩဇာကြီးမားသူတို့၏အခွင့်အရေးကိုသာ ဦးစားပေးသည့် စီးပွားရေးရှုထောင့်မှ ကျဉ်းမြောင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် မြေယာအသုံးပြုမှုပုံစံများကို တရားဝင်ပုံဖော် မှတ်တမ်းတင်ရန်အတွက် မြန်မာနိုင်ငံ၌ တရားဝင်ပြဋ္ဌာန်းထားသည့် မြေယာမူဝါဒကို အသုံးပြုလာကြသည်။[၃၃] အလွန်အရေးပါသည့် ကိစ္စရပ်ဖြစ်သောကြောင့် တရားဝင်မြေယာမူဝါဒ ချမှတ်သည့် လုပ်ငန်းစဉ်များနှင့် ရလဒ်များအပေါ် လွှမ်းမိုးနိုင်မှုသည် မြေ၏ ရှုထောင့်ပေါင်းစုံရှိ သွင်ပြင်လက္ခဏာရပ်အမျိုးမျိုးကို ပြန်လည်ဖော်ထုတ်ရာ၌ အလွန်အရေးကြီးသည်။

ဒေသခံ၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအရပ်ဘက်လူမှုအဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ အမျိုးသားမြေအသုံးချမှုဝါဒ (NLUP) နှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေ၏ပြဋ္ဌာန်းချက်နှင့် မူဝါဒရေးရာ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ် များအပေါ် သက်ရောက်လွှမ်းမိုးနိုင်ရန် တက်တက်ကြွကြွကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ၌ အမျိုးသားမြေအသုံးချမှုမူဝါဒ မူကြမ်းအား လူထုဆွေးနွေးတိုင်ပင်မှုအတွက်စတင်ချပြခဲ့သည်။ ထို့နောက်တစ်ဆက်တည်းတွင် တောင်သူလယ်သမား လှုပ်ရှားမှုများ၊ အမျိုးသမီးအဖွဲ့များနှင့် ရပ်ရွာခေါင်းဆောင်များအား ၎င်းတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသည့် ဒီမိုကရေစီကျ၍ တရားမျှတသည့် မြေယာမူဝါဒဖြစ်စေရန် မူကြမ်းပါအကြောင်းအရာများကို ချပြအသိပေးကာ လိုအပ်သည့်အချက်များကိုဆွေးနွေးတိုင်ပင်ရန်အတွက် အဖွဲ့အစည်းနှင့် ကွန်ရက်ပေါင်းများစွာမှ မြန်မာနိုင်ငံအနှံ့အပြား၌ ကိုယ်ပိုင်အလုပ်ရုံဆွေးနွေးပွဲများ အသီးသီးကျင်းပပြုလုပ်ခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲအများအပြားမှ မိမိတို့အတွက် မြေယာသည် အဘယ်မျှအရေးပါ၍ အစိုးရ၏ မူကြမ်းပါ မည်သည့်အချက်များသည် မိမိတို့အတွက် ပြဿနာဖြစ်စေလျက်ရှိကြောင်းတို့ကို ဖော်ပြထားသည့် သဘောထားကြေညာချက်များကို ထုတ်ပြန်ခဲ့ကြ

သည်။ ဒို့မြေကွန်ရက်သည်လည်း 'မြန်မာနိုင်ငံ အမျိုးသားမြေအသုံးချမှုဂါဒ-ကျွန်ုပ်တို့၏ သဘောထားတုန့်ပြန်ချက်နှင့် အကြံပြုတင်ပြချက်များ' ဟူသည့် ခေါင်းစဉ်ဖြင့် အစိုးရ သို့မိမိတို့၏ သဘောထားတုန့်ပြန်ချက်ကို ပေးပို့တင်သွင်းခဲ့ကြသည်။[၃၄]

## အမျိုးသားရင်းနှီးမြှုပ်နှံရေးမူဂါဒနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များ

အလားတူပင် အရပ်ဖက်လူ့အဖွဲ့အစည်းများသည် အချင်းချင်းညှိနှိုင်းဆောင် ရွက်၍ မြန်မာပြည်သူလူထုထက် ရင်းနှီးမြှုပ်နှံသူများကို တရားဝင်အကာအကွယ်ပေး ထားသည့် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။[၃၅] နိုင်ငံတကာငွေကြေးအဖွဲ့အစည်း၏ ထောက်ပံ့ကူညီမှုဖြင့် ရေးဆွဲထားသည့် ပထမ မူကြမ်းအတွင်း၌နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဆိုင်ရာတရားစီရင်ရေးခုံရုံးသို့အမှုတင်သွင်း ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုအား သက်ရောက်ထိခိုက်လာစေနိုင်သည့် အစိုးရ၏ မည်သည့် ဥပဒေပြဋ္ဌာန်းချက်အသစ်ကိုမဆို စိန်ခေါ်မှုပြုရန် ရင်းနှီးမြှုပ်နှံသူများအား လုပ်ပိုင်ခွင့်ပြု ထားသည့် ရင်းနှီးမြှုပ်နှံသူနှင့် အစိုးရအကြား အငြင်းပွားမှုဖျန်ဖြေရေး (ISDS) သဘော တူညီချက်ကိုအား အသုံးပြုနိုင်စေသည့် ပြဋ္ဌာန်းချက်တစ်ရပ်ပါရှိသည်။ ISDS သဘောတူ ညီချက်ကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းအားဖြင့် ဥပဒေသစ်များ၏ ပြဋ္ဌာန်းချက်များနှင့် အကောင်အထည်ဖော်ဆောင်မှုကို ဆိုးဆိုးရွားရွား ကျယ်ပြန့်စွာသက်ရောက်ထိခိုက် စေနိုင်ပြီး အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် အများပြည်သူအကျိုးစီးပွား ဆိုင်ရာကိစ္စရပ်မျိုး၌ ပိုမိုထိခိုက်နစ်နာစေလိမ့်မည်ဖြစ်သည်။ ထို့ပြင် အမျိုးသားမြေ အသုံးချမှုဂါဒအပါအဝင် ပိုမိုဒီမိုကရေစီ ထုံးနည်းစံကျဖြစ်၍ လူမှုရေးအရ တရားမျှတမှု ရှိစေသောအခြေခံမှုများသို့ဦးတည်သည့်မြေယာဥပဒေသစ်များအားရေးဆွဲဖော်ထုတ် ရာ၌ အစိုးရ၏ ဩဇာအာဏာကို ဆိုးဆိုးရွားရွား ထိန်းချုပ်ကန့်သတ်လာမည်ဖြစ်သည်။ သို့သော်လည်းအရပ်ဖက်လူ့မှုအဖွဲ့အစည်းများ၏မူဂါဒပြောင်းလဲရေးစည်းရုံးလှုံ့ဆော်မှု များကြောင့် ဒုတိယမြောက်ရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်း၌ အများပြည်သူနစ်ခြိုက်လို လားခြင်းမရှိသည့် ISDS သဘောတူညီချက်ကို အောင်မြင်စွာပယ်ဖျက်နိုင်ခဲ့သည်။

နောက်ပိုင်းပေါ်ပေါက်လာသော ဥရောပသမဂ္ဂ-မြန်မာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပဋိဉာဉ်သဘောတူညီချက်သည်လည်း မြန်မာအရပ်ဖက် လူ့မှုအဖွဲ့အစည်းများ၏ ဆန့် ကျင်ကန့်ကွက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သည်။ အရပ်ဖက်လူ့ အဖွဲ့အစည်းပေါင်း ၂၀၀ ကျော်ပါဝင် ထောက်ခံထားသည့် မူဂါဒရေးရာ ပြောင်းလဲရေးကြေညာစာတမ်း၌လည်း ယခုအချိန်သည် မိမိတို့၏ လူထုလူတန်းစားများထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို

ပိုမိုအခွင့်အရေးပေးထားပြီး သဘာဝပတ်ဝန်းကျင်နှင့် လူထုအကျိုးစီးပွားဆိုင်ရာ မည်သည့်အနာဂတ်အစိုးရ၏ မူဝါဒကိုမဆို ပုဂ္ဂလိက နိုင်ငံတကာ တရားစီရင်ရေး ခုံရုံးမှတစ်ဆင့် စိန်ခေါ်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကို အားပေးအားမြှောက်ပြု သဘောတူလက်မှတ်ရေးထိုးသင့်သည့် အချိန်ကောင်း မဟုတ်ကြောင်း သုံးသပ်တင်ပြ ထားသည်။[၃၆]

## မြေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းမြေယာဆိုင်ရာအရေးကိစ္စများကိုထည့်သွင်း ဆွေးနွေးရန် လုပ်ဆောင်ချက်သည် မြန်မာနိုင်ငံအရပ်ဖက်လူ့အဖွဲ့အစည်းများ၏ အခြား သောအဓိကမူဝါဒပြောင်းလဲရေး စည်းရုံးလှုံ့ဆော်မှုတစ်ခုဖြစ်သည်။ တိုင်းရင်းသား လူနည်းစုပေါင်း ၁၃၅ မျိုးကျော်ရှိရာ၌ အများစုသည် သယံဇာတအရင်းအမြစ်ပေါ ကြွယ်ဝသည့် နယ်မြေဒေသများတွင် နေထိုင်လျက်ရှိပြီး ပြည်တွင်းစစ်ဒဏ်ကို ဆယ်စု နှစ်ပေါင်းများစွာ ခါးစည်းခံခဲ့ရသူများဖြစ်သည်။ မြေယာရယူသုံးစွဲပိုင်ခွင့်နှင့်ထိန်းချုပ်စီမံ ပိုင်ခွင့်သည် ပြည်တွင်းစစ်၏ အဓိကကျသည့်အချက်ဖြစ်သဖြင့် ဤအချက်ကို သေချာ ကိုင်တွယ်ဖြေရှင်းမှုမရှိပါက ငြိမ်းချမ်းရေးသည် အလှမ်းဝေးနေဦးမည်သာ ဖြစ်သည်။ မည်သူက မည်သည့်နေရာ၌ မည်သည့်စည်းကမ်းသတ်မှတ်ချက်များဖြင့် နေထိုင်လုပ် ကိုင်စားသောက်ပိုင်ခွင့်ရှိသနည်းဟူသည့် ဆုံးဖြတ်ချက်သည် မည်သည့်လူ့ဘောင် အသိုက်အဝန်းအတွက်မဆို အသက်တမျှအရေးပါသည့် ကိစ္စရပ်ဖြစ်သည်။[၃၇] တိုင်းရင်း သားလူနည်းစု အများစုအတွက် မြေဆိုသည်မှာ အသက်မွေးဝမ်းကျောင်းနှင့် စီးပွား ရေးရပ်တည်ချက်သက်သက်ထက်များစွာကျော်လွန် အဓိပ္ပာယ်လေးနက်မှုရှိသဖြင့် အထူးတလည် အရေးပါလျက်ရှိသည်။ မတူညီသည့် အသက်ရှင်ရပ်တည်မှုပုံစံအမျိုး မျိုးကို အသိအမှတ်ပြု၍ အနာဂတ်သာယာဝပြောမှုကို သေချာအောင်ဆောင်ရွက်ရန် အတွက် တိုင်းရင်းသားတို့၏ မြေယာအခွင့်အရေးကို အမှန်တကယ် အသိအမှတ်ပြု အကာအကွယ်ပေး၍ အားပေးမြှင့်တင်ရန် လိုအပ်လျက်ရှိသည်။ အရပ်ဖက်လူ့အဖွဲ့ အစည်းများ ပါဝင်မှုရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖန်တီးခြင်းသည် စစ်မှန်သည့် ပူးပေါင်းပါဝင်မှုနှင့်အားလုံး၏ပါဝင်မှုကိုရရှိစေပြီးမည်သူကမည်သည့်မြေကိုမည်သည့် အခွင့်အရေးဖြင့် မည်မျှကြာကြာ မည်သည့်ရည်ရွယ်ချက်မျိုးဖြင့် အသုံးပြုနိုင်သနည်း ဟူသည့် ခက်ခဲရှုပ်ထွေးသည့် မေးခွန်းအတွက် အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ ပိုင်းဝန်းကူညီမှု ရရှိစေနိုင်သဖြင့် အလွန်အရေးပါသည်။

ယနေ့အချိန်တိုင် ကရင်၊ ကချင်၊ ရှမ်းနှင့် ကရင်နီပြည်နယ်များမှ အရပ်ဖက် လူ့အဖွဲ့အစည်းများသည်မြေယာအခွင့်အရေးကိုရှေ့ဆက်နိုင်စေရန်နှင့်မိမိတို့ကိုယ်ပိုင် သဘောထားများကို ရေးဆွဲဖော်ထုတ်၍ ခိုင်မာအားကောင်းသည့် မူဂါဒရေးရာအဆိုပြု ချက်များအနေဖြင့် သုံးသပ်တင်ပြရန်အတွက် အစိုးရနှင့်သာမက တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့အစည်းများ (EAOs) နှင့်ပါ ညှိနှိုင်းဆောင်ရွက်လာခဲ့ကြသည်။ တိုင်းရင်း သားများ၏ မြေယာအခွင့်အရေးများကို ခိုင်မာသေချာစေသည့် မြေယာမူဂါဒတစ်ခု၏ အရေးပါမှုကို အကျယ်ချဲ့မဖော်ပြနိုင်သော်လည်း မြေယာမဲ့ခြင်းနှင့် ရွှေ့ပြောင်းနေရာချ ထားခံရမှု အတွေ့အကြုံများက အဆိုပါအုပ်စုများကို ၎င်းတို့ကိုယ်ပိုင်နည်းလမ်း များရေးဆွဲဖော်ထုတ်၍ အဖြေရှာရန် လမ်းညွှန်ပေးခဲ့သည်။ လက်ရှိအချိန်၌ ကရင်၊ ကချင်နှင့် ကရင်နီအပါအဝင် တိုင်းရင်းသားအဖွဲ့များမှ ခိုင်မာအားကောင်းသည့် ကိုယ်ပိုင်မူ ဂါဒများကို ရေးဆွဲဖော်ထုတ်လျက်ရှိသည်။

လွန်ခဲ့သည့်နှစ်အနည်းငယ်ခန့်ကကရင်အမျိုးသားအစည်းအရုံး(KNU)သည် KNU မြေယာမူဂါဒဟုခေါ်သည့် မိမိတို့၏ မြေယာမူဂါဒအား ပြန်လည်သုံးသပ်မည့် လုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်ဖော်ဆောင်၍ ကရင်အရပ်ဖက် လူ့အဖွဲ့အစည်းများ၊ ဒေသခံရပ်ရွာလူထုများနှင့် လူထုဆွေးနွေးတိုင်ပင်ပွဲပေါင်းများစွာကို စီစဉ်ကျင်းပခဲ့ သည်။ ပြန်လည်ပြင်ဆင်ခဲ့သည့် KNU မြေယာမူဂါဒ၏ အဓိကကျသည့် အချက်မှာ "မြေနှင့် ရေသယံဇာတအရင်းအမြစ်များအပေါ် ဒီမိုကရေစီထုံးနည်းစံကျ ရယူသုံးစွဲပိုင် ခွင့်နှင့် ထိန်းချုပ်စီမံပိုင်ခွင့်ဆိုင်ရာ အခြေခံမှု" ဖြစ်သည်။ ထို့ပြင် အပယ်ခံနှင့် အထိခိုက် လွယ်သည့်လူထုလူတန်းစားများ၏မြေယာအခွင့်အရေးကိုအကာအကွယ်ပေးထားပြီး ယခင်အတိတ်ကာလ၌ မိမိတို့၏ မြေယာများမှ ရွှေ့ပြောင်းနေရာချခံခဲ့ကြရသများ၏ မတရားခံရမှုများကို ပြန်လည်သုံးသပ် ဖြေရှင်းစေမှုများပါဝင်သည်။ ၎င်းတို့၏ မတရား ခံခဲ့ရသည့် အဖြစ်အပျက်များကို အဓိပ္ပာယ်ရှိရှိ ပြန်လည်ဖြေရှင်းပေးနိုင်ရန်အတွက် KNU အနေဖြင့် အတိတ်ကာလမတရားမှုများမှ သင်ခန်းစာယူ၍ ကုစားပေးနိုင်မည့် ရေရှည်မြေယာမူဂါဒတစ်ရပ်ကို ချမှတ်ခဲ့သည်။ တစ်ဖက်တွင်လည်း အမျိုးသမီးများ၏ မြေယာဆိုင်ရာ သီးခြားရပိုင်ခွင့်အခွင့်အရေး၊ သမရိုးကျမဟုတ်သော စုပေါင်းမြေယာ လုပ်ပိုင်ခွင့် အခွင့်အရေးများ၊ အများပိုင်မြေဆိုင်ရာ အခွင့်အရေးအပြင် မြေယာနှင့် ရေ၏ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သီးခြားအဓိပ္ပာယ်များကို အသိအမှတ်ပြု ကာကွယ်စောင့်ရှောက်ပေးသည့် အနာဂတ်အခြေခံအုတ်မြစ်ကိုလည်း တည်ဆောက် ပေးထားသည်။ ထို့ပြင် KNU မြေယာမူဂါဒသည် ဂေဟဗေဒစနစ်နှင့် သဟဇာတ ဖြစ်သည့် စိုက်ပျိုးမှုပုံစံကိုလည်း အထူးတလည်အလေးထား၍ မိမိတို့၏ နေ့စဉ်လုပ်ငန်း

ဆောင်တာအတွင်း မြေ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များကို လေးစားလိုက်နာ၍ အကာအကွယ်ပေးခြင်းအားဖြင့် မြေနှင့် "အားလုံး၏ ဂေဟဗေဒဆိုင်ရာကောင်းကျိုးချမ်းသာ" အတွက် ပံ့ပိုးလုပ်ဆောင်သော အမျိုးသမီးနှင့် အမျိုးသားများအားလုံးကိုလည်းထူးထူးခြားခြားအသိအမှတ်ပြုထားသည်။[၃၈] မူဂါဒသည်အခြေခံမူများကိုစာရင်းပြုစုထားခြင်း သက်သက်မဟုတ်ဘဲ ယင်းအခြေခံမူများ၏ ဖြစ်ပေါ်ပြောင်းလဲမှုကိုလည်း ထင်ဟပ်ဖော်ပြထားသည်။ ဤမူဂါဒကို "မြေယာ၊ သားငါး၊ သစ်တော၊ ရေနှင့် အခြားဆက်စပ် သယံဇာတအရင်းအမြစ်ဆိုင်ရာ လုပ်ပိုင်ခွင့်များအပေါ် ဂေဟဗေဒဆိုင်ရာနှင့် နိုင်ငံရေးအရကြီးကြပ်အုပ်ချုပ်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေသည့် ရလဒ် (များ)"ထွက်ပေါ်လာစေသည့်နည်းလမ်းမျိုးဖြင့် အကောင်အထည်ဖော်သင့်ပေသည်။[၃၉]

## ကွန်ရက်ချိတ်ဆက်ခြင်းနှင့် မဟာမိတ်တည်ထောင်ခြင်း

မြေယာနှင့်ပတ်သက်သည့် လူ့အခွင့်အရေးကို တောင်းဆိုရာ၌ ခိုင်မာအားကောင်းသည့် ကွန်ရက်များနှင့် မဟာမိတ်များ တည်ထောင်ခြင်းသည် အလွန်အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်။ ကွန်ရက်များနှင့် မဟာမိတ်များက စုပေါင်းလုပ်ဆောင်ချက်နှင့် စည်းရုံးလှုံ့ဆော်မှုကို အထောက်အကူပြုသည့်အပြင် အသိပညာဗဟုသုတ၊ အတွေ့အကြုံများ၊ မဟာဗျူဟာများနှင့် အရင်းအမြစ်များကို အပြန်အလှန်မျှဝေပေးစေနိုင်သည်သာမက အပြန်အလှန်ဆက်စပ်လျက်ရှိသည့် အရေးကိစ္စများကိုလည်း ကိုင်တွယ်ဖြေရှင်းနိုင်စေသည်။ ဤနည်းအားဖြင့် အဖွဲ့ပေါင်းများစွာအားခိုင်မာအားကောင်းသည့် အသံတစ်ခုတည်းဖြင့် တူညီသည့်အနာဂတ်မျှော်မှန်းချက်တစ်ရပ်ကို အတူတကွဆောင်ရွက်လာစေနိုင်သည်။ ဥပမာအားဖြင့် အောက်ခြေမြေပြင်၌ဆန့်ကျင်ကန့်ကွက်မှုများ၊ လူထုလူတန်းစားအလွှာလိုက် တရားစွဲဆိုသည့် လှုပ်ရှားမှုများ၊ လက်တွေ့သုတေသနပြုခြင်းနှင့် အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည့် မူဂါဒပြောင်းလဲရေးစည်းရုံးလှုံ့ဆော်မှု မဟာဗျူဟာများကို အတူတကွစုပေါင်း ချမှတ်ဆောင်ရွက်နိုင်စေသည်။

ဤသို့လုပ်ဆောင်နိုင်သည့် သာဓကအနေဖြင့် ဒို့မြေကွန်ရက် (LIOH) ကိုကြည့်ရှုနိုင်ပြီး ၎င်းတို့သည် ကွန်ရက်များချိတ်ဆက် တည်ဆောက်ခြင်းဖြင့် ပန်းတိုင်သို့အရောက် အတူတကွလှမ်းလျက်ရှိသည်။ ဒို့မြေကွန်ရက်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံပါဝင်သည့်ကွန်ရက်

တစ်ခုအနေဖြင့် ဒို့မြေကွန်ရက်၌ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုမှ တောင်သူလယ်သမားအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းပေါင်း (၆၀) ကျော်နှင့် တိုင်းရင်းသားအရေး တက်ကြွလှုပ်ရှားသူပေါင်းများစွာ ပါဝင်လျက်ရှိသည်။ ကွန်ရက်၏ အားသာချက်ပေါင်းများစွာထဲမှ တစ်ခုမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့အပြင် မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များပါဝင်သည့် ၁၅ ဦးအဖွဲ့မှ ကွန်ရက်ကို ညှိနှိုင်း လည်ပတ်လျက်ရှိခြင်းဖြစ်သည်။

"တိုင်းပြည်အတွင်း ခိုင်မာသော ငြိမ်းချမ်းရေးနှင့် စစ်မှန်၍ တရားမျှတပြီးရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အားထုတ်ကြိုးပမ်းမှုအပေါ် ကျွန်ုပ်တို့အနေနှင့်ယုံကြည်မှုရှိသည်။ ကျွန်ုပ်တို့အနေနှင့် လက်ရှိဒီမိုကရက်တစ်အသွင်ကူးပြောင်းမှု၏စိတ်ဓာတ်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏အစိုးရ၊ လွှတ်တော်နှင့်တရားရေးအဖွဲ့အစည်းတို့သည်အသေးစားလယ်မြေများပိုင်ဆိုင်သည့် လယ်သမားများ၊ ရေလုပ်သားများနှင့် အထူးသဖြင့် ကျေးလက်နေ အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးစု ရပ်ရွာလူထုများနှင့် အနာဂတ်မျိုးဆက်သစ်များ၏ မြေလုပ်ပိုင်ခွင့်များအားကာကွယ်၊ မြှင့်တင်၊ လေးစားပြီး ဖြည့်ဆည်းအားထုတ်လုပ်ဆောင်သွားရမည်ကို ယုံကြည်သည်။

ကျွန်ုပ်တို့အနေနှင့် ထိုမြေပေါ်တွင် နေထိုင်ပြီး လုပ်ကိုင်မှီခိုသူများ စောင့်ရှောက်သူများသည်သာ ထိုမြေကို ပိုင်သင့်သည်ဟု ယုံကြည်ပြီး မြေယာအများအပြား စုစည်းခြင်းနှင့် မြေယာဈေးကစားခြင်းများကို ဆန့်ကျင်သည်။ ယခင်က ထိုမြေပေါ်တွင် နေထိုင်လုပ်ကိုင်ခဲ့ပြီး လက်နက်ကိုင်တိုက်ပွဲများကြောင့်သော်လည်းကောင်း၊ သဘာဝဘေးကြောင့်သော်လည်းကောင်း ထိုကဲ့သို့သော အလားတူကိစ္စရပ်များကြောင့် မြေကိုစွန့်ခွာခဲ့ရသူများအား မြေပြန်လည်အစားထိုးပေးခြင်းနှင့် မြေမဲ့ယာမဲ့များအား ပြန်လည်ခွဲဝေပေးခြင်းအပေါ်ကျွန်ုပ်တို့ယုံကြည်သည်။ တိုင်းရင်းသားများနှင့် အခြားဓလေ့ထုံးတမ်းများ ကျင့်သုံးသော ဒေသများ၏မတူကွဲပြားသည့်ရိုးရာဓလေ့များနှင့်သင့်လျော်မှုရှိသည့်ဒီမိုကရေစီနည်းလမ်းကျပြီး လူတိုင်းအတွက် တရားမျှတသော ဖက်ဒရယ်စနစ်ကိုအခြေခံသည့် မြေယာအသုံးချမှုမူဝါဒတစ်ခု ဖြစ်ပေါ်လာရေးအတွက် စည်းရုံးလှုံ့ဆော်

သည်။"ဒို့မြေကွန်ရက်"အနေနှင့် ဤအရာများအားရရှိရန်အတွက်အဆင့်အသီးသီးမှ အစိုးရ၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း တွန်းအားပေးခြင်းများကို ကြိုးစားဆောင်ရွက်လျက်ရှိသည်။"

ဒို့မြေကွန်ရက်၏"မြေယာလုယက်သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဝများကိုဖျက်ဆီးကြခြင်း" ၂၀၁၅ ခုနှစ် ဒီဇင်ဘာလထုတ် အစီရင်ခံစာ၊ ရန်ကုန်၊ LIOH၊ စာ ၁၁-၁၂ မှ ကောက်နုတ်ထားခြင်းဖြစ်သည်။

"မြေ၊ရေနှင့်သစ်တောများသည်အမှန်တကယ်ထိုမြေပေါ်တွင်နေထိုင်သူ၊ လုပ်ကိုင်သူ၊ထိုအရင်းအမြစ်များပေါ်တွင်၎င်းတို့၏ဘဝ၊ဂုဏ်သိက္ခာနှင့်အသက်မွေးဝမ်းကျောင်း မှီခိုတည်ရှိသူများအတွက်သာ ဖြစ်ရမည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ အဓိကအခြေခံသည့်စည်းမျဉ်းအား ဆန့်ကျင်ပြီး လုပ်ကိုင်သော မည်သည့်ဖွံ့ဖြိုးမှု (သို့) ရင်းနှီးမြှုပ်နှံမှုများမဆို ပြန်လည်ရုပ်သိမ်းသင့်သည်။ ထို့ပြင် မြေယာအငြင်းပွားမှု ဖြေရှင်းရေးယန္တရားများအားလုံးသည် အခြေခံစည်းမျဉ်းအား လိုက်နာစောင့်ထိန်းရမည်။

ကွဲပြားမှုများစွာရှိသော ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်စနစ်များနှင့်စိုက်ပျိုးရေးစနစ်များကို အသိအမှတ်ပြုရန်၊ မြေယာပေါ်တွင် လုပ်ကိုင်စားသောက်သူ၊ နေထိုင်သူများအနေဖြင့် ထိုမြေနှင့် ဆက်စပ်လျက်ရှိသော သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲပိုင်ခွင့်နှင့် အသုံးပြုခွင့်များအား ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်များအား လေးစားရန်နှင့် ဖက်ဒရယ်စနစ်အရ အသိအမှတ်ပြုကျင့်သုံးရန် လိုအပ်သည်။

စစ်မှန်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှုများဖြင့် မြေနှင့်သစ်တောများ၊ မြစ်များနှင့် အင်းအိုင်များ၊ ငါးမျိုးစိတ်များနှင့် မျိုးစေ့များသည် ဘဝအသက်မွေးဝမ်းကျောင်းများအတွက်ဖြစ်ပြီး စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ပါ။"

ဒို့မြေကွန်ရက်၏"မြေယာ လုယက်သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဝများကိုဖျက်ဆီးကြခြင်း" ၂၀၁၅ ခုနှစ် ဒီဇင်ဘာလထုတ် အစီရင်ခံစာ၊ ရန်ကုန်၊ LIOH၊ နောက်ကျောဖုံးမှ ကောက်နုတ်ထားခြင်းဖြစ်သည်။

ဘဂများပျက်ပြားစေခြင်း၊ ဘဂများကို လွင့်ပါးပျောက်ကွယ်သွားစေခြင်းနှင့် အသက်ရှင်ရပ်တည်မှုပုံစံများကို စွန့်လွှတ်ရစေသည့် လုပ်ငန်းစဉ်များကို မဖြစ်မနေဆန့်ကျင်တွန်းလှန်ပြီး ရပ်တန့်ရမည်။

ဘဂနှင့် ဂုဏ်သိက္ခာဆိုင်ရာမြေ၏ အဓိပ္ပာယ်ကို ပြန်လည်ဖော်ထုတ်ရမည်။ မြေသည် ပြည်သူများအတွက်၊ ကိုယ်ကျိုးရှာရန်မဟုတ်။

# ရည်ညွှန်းကိုးကားချက်များ


၁။ FAO မြေနှင့် ရေဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ၁၉၉၅ ခုနှစ်၊ မြေနှင့် ရေဆိုင်ရာ ထုတ်ပြန်ချက် ၂ ရေရှည်တည်တံ့နိုင်မြဲသည့်မြေသယံဇာတအရင်းအမြစ် အသုံးချမှုဆိုင်ရာ ချဉ်းကပ်လုပ်ဆောင်မှုအသစ် "အခန်း ၂ - သဘောတရားများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် လင့်ခ်များ"

၂။ Scott, James C., 2009, The Art of Not Being Governed: အရှေ့တောင်အာရှ ကုန်းမြင့်ဒေသ၏ အုပ်စိုးမခံသည့် သမိုင်းကြောင်း., New Haven, CT. Yale University Press, စာ - ၂၉၁

၃။ "မြန်မာမြေစာပုံ ပြိုချမှုအတွင်း ရေမဆေးရှာသူ ၅၀ ကျော်သေဆုံးခဲ့", RT Question More, 26 December 2015; "ကျောက်စိမ်းတွင်း မြေစာပုံပြိုကျမှုအတွင်းစံချိန်တင်သေဆုံးမှု", Aljazeera America, 22 November 2015

၄။ Violet Cho, "လုပ်ရှားတက်ကြွသူများက ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးလျက်ရှိဟု ပြောကြား", The Irrawaddy, 25 June 2008

၅။ ဇင်မာဝင်းနှင့် နေရိန်ကျော်၊ "လက်ပတောင်းကြေးနီသတ္တုတွင်း ပြန်လည်စတင်မှုကို ဒေသခံများ ဆန့်ကျင်ဆန္ဒပြမှု", Radio Free Asia (FRA), 15 October 2013; Amnesty International, "မြန်မာ - လက်ပတောင်း သတ္တုတွင်း ဆန့်ကျင်ဆန္ဒပြသူများ ယခုတိုင် တရားမျှတမှုမရရှိသေး", Burmer Partnership, 27 November 2015

၆။ Amnesty International, "မြန်မာ - နိုင်ငံခြားသတ္တုတူးဖော်ရေး ကုမ္ပဏီများမှ ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် တရားမဝင်မှုကို လိမ်လည်ရန်ပူးပေါင်းကြံစည်မှု", 10 February 2015

၇။ "အရှေ့အလယ်ပိုင်းဒေသမှ ရေနံများ စတင်လက်ခံရန် အဆင်သင့်ဖြစ်နေသည့် ကျောက်ဖြူ", Ramree.com, 30 December 2014; "တရုတ်စီမံကိန်းသည် ထောင်ပေါင်းများစွာသော လူထုကိုအမြစ်ဖြုတ်၍ ကျောက်ဖြူကမ်းရိုးတန်းကိုဖျက်ဆီးပစ်လိမ့်မည်ဟု NGO မှ ပြောဆို", Ramre.com, 23 December 2012; "ရှိဟင်ဂျာအဖွဲ့မှ ကျောက်ဖြူစီးပွားရေးဇုံအစီအမံကိုပြင်းထန်စွာဝေဖန်တိုက်ခိုက်", Mizzima, 6 January 2016

၈။ Foundation for Ecological Recovery, "ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း"။

၉။ TAVOYAN WOMEN'S UNION, 2015, "ကျွန်ုပ်တို့၏ ဘဝများသည် ရောင်းရန်မဟုတ်ဟု ထားဝယ်အမျိုးသမီးများမှ ထားဝယ်အထူးစီးပွားရေးဇုံစီမံကိန်းကိုကန့်ကွက်ပြောဆိုခဲ့"၊ အိအိတိုးလွင်၊ "ထားဝယ်အထူးစီးပွား ရေးဇုံသည် ကတိအထပ်ထပ်ကြားမှစိုးရိမ်စဖွယ်မီးစပျိုးခဲ့ပြီ", Myanmar Times, 3 December 2012

၁၀။ International Rivers မှ ကိုးကားချက်၊

"ရောဂတီ မြစ်ဆုံရေကာတာ" 2015
၁၁။ Peter Hadfield, "ရေကာတာ၏ ကံကြမ္မာ သဲကွဲမှုမရှိသေးသော်လည်း မြန်မာကျေးရွာသားများကို ၎င်းတို့ ဘိုးဘွားတို့ခေါင်းချခဲ့သည့် နေရပ်မှ မောင်းထုတ်ခဲ့", The Guardian, 4 March 2014; International Rivers, "ရောဂတီမြစ်ပေါ်မှ မြစ်ဆုံရေကာတာ၊ ကောက်နုတ်ချက်အကျဉ်း"
၁၂။ Rachel Harvey, "မြန်မာရေကာတာ၊ မြစ်ဆုံစီမံကိန်း ဘာကြောင့်ရပ်ဆိုင်းခဲ့ရသနည်း", BBC NEWs, 30 September 2011; စောရန်နိုင်, "ရောဂတီရေကာတာ ဆောက်လုပ်ရေးစတင်သည်နှင့် တစ်ပြိုင်နက်လိုလို လူ့အခွင့်အရေးချိုးဖောက်မှုများ စတင်လာခြင်း", The Irrawaddy, 29 January 2008; အောင်ဆန်းစုကြည် "ရောဂတီ အသနားခံစာ", 11 August 2011
၁၃။ Karen Rivers Watch, "မြန်မာနိုင်ငံ သမ္မတကြီး၏ မြစ်ဆုံရေကာတာစီမံကိန်း ရပ်ဆိုင်းလိုက်သည့် ဆုံးဖြတ်ချက်ကို ထောက်ခံကြိုဆိုသည့် အိတ်ဖွင့်ပေးစာ နှင့် ကရင်ပြည်နယ်ရှိ ဟတ်ကြီးရေကာတာ စီမံကိန်းကို ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုခြင်း", 13 October 2011
၁၄။ Environmental Justice Atlas, 2014, "ဟတ်ကြီးရေကာတာ၊ မြန်မာနိုင်ငံ" ကို http://ejatlas.org /conflict/hatgyi-dam-myanmar တွင် ရယူနိုင်ပါသည်။ Salween Watch, "သံလွင်မြစ်ကြောင်းပေါ်ရှိ ရေအားလျှပ်စစ် စီမံကိန်းများ၏ နောက်ဆုံးအခြေအနေ", International Rivers, 14 March 2014
၁၅။ TNI နှင့် BCN, 'ရယူသုံးစွဲပိုင်ခွင့်ကို ငြင်းပယ်ခြင်း - မြန်မာနိုင်ငံရှိ မြေယာအခွင့်အရေးနှင့် တိုင်းရင်းသား ပဋိပက္ခ', မြန်မာ မူဂါဒဆိုင်ရာ ကောက်နုတ်ချက်အကျဉ်း အမှတ် ၁၁, May 2013, စာ ၁။
၁၆။ Heinrich Boll Stiftung ၄ ကျော်သူနှင့် တွေ့ဆုံမေးမြန်းမှု၊ ရှုထောင့်များ - နိုင်ငံရေး သုံးသပ်ချက်များနှင့် ကောက်နုတ်ချက်၊ အမှတ်စဉ် ၂, January 2014, စာ ၆၁။
၁၇။ ဒို့မြေကွန်ရက် (LIOH), "မြေယာ လုယက်သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဝများကို ဖျက်ဆီးကြခြင်း - မြန်မာပြည်တစ်ပှမ်း မြေယာသိမ်းယူမှု အကျိုးဆက် လေ့လာဆန်းစစ်ချက်များ" December 2015, စာ ၁၄။
၁၈။ ဒို့မြေကွန်ရက် (LIOH), "မြေယာလုယက် သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဝများကို ဖျက်ဆီးကြခြင်း - မြန်မာပြည်တစ်ပှမ်း မြေယာသိမ်းယူမှု အကျိုးဆက် လေ့လာဆန်းစစ်ချက်များ" December 2015, စာ ၁၅-၁၆။
၁၉။ ဒို့မြေကွန်ရက် (LIOH), "မြေယာ လုယက် သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဝများကို ဖျက်ဆီးကြခြင်း - မြန်မာပြည်တစ်ပှမ်း မြေယာသိမ်းယူမှု အကျိုးဆက် လေ့လာဆန်းစစ်ချက်များ" December 2015။
၂၀။ "မြန်မာနိုင်ငံအတွင်း ထွန်တုံးတိုက်ပွဲဆင်နွှဲသူများ၏ လွတ်လပ်မှုနှင့် မြေယာဆုံးရှုံးမှု", Al Jazeera, 12 November 2014, Phoesan Chaung နှင့် Dene-Hern Chen, "မြန်မာနိုင်ငံအတွင်း ဖမ်းဆီးမှုများသည် အန္တရာယ်ရှိသည့် အနာဂတ်သို့ ဦးတည်လျက်ရှိ", Aljazeera, 12 November

2014; Naw Noreen, "Democratic Voice of Burma: မိတ္ထီလာ၌ ထွန်တုံးတိုက်ပွဲဆင်နွှဲမှုကို ထောင်ဒဏ်ကိုးနှစ်ချမှတ်ခြင်း", Burma Net News, 3 June 2015။

၂၁။Vincent Masclaas, "ထွန်တုံးတိုက်ပွဲဆင်နွှဲသူများက မြန်မာနိုင်ငံအတွင်းရှိ မြေယာလုယူမှုကြောင့် ဆုံးရှုံးနစ်နာမှုများကိုမီးမောင်းထိုးပြလျက်ရှိ", South China Morning Post, 6 April 2014။

၂၂။Echo Hui, "တရုတ်သတ္တုတူးဖော်ရေးလုပ်ငန်းစုက လက်ပံတောင်းသေဆုံးမှုသည် အဓိပ္ပာယ်မရှိဟုဆို"၊ DVB News, 23 December 2014; Jason Burke နှင့်ဆွေဂင်း၊ "မြန်မာ - ကြေးနီသတ္တုတွင်းဆန့်ကျင်ဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့မှ ဂင်ရောက်စီးနင်းဖြိုခွဲမှု", The Guardian, 29 November 2012။

၂၃။Amnesty International, "မြန်မာ-လက်ပံတောင်းသတ္တုတွင်း ဆန့်ကျင်ဆန္ဒပြသူများ ယခုတိုင် တရားမျှတမှု မရရှိသေး"၊ Burma Partnership, 27 November 2015; Thomas Fuller and Wai Moedec, "မြန်မာ နိုင်ငံအတွင်းရှိ တရုတ်ကြေးနီသတ္တုတွင်းကိုဆန့်ကျင်ဆန္ဒပြနေစဉ်အမျိုးသမီးတစ်ဦး အသတ်ခံရ", NY Times, 22 December 2014။

၂၄။Tom Fawthrop, "သံလွင်မြစ်သည် ရောင်းရန်မဟုတ်ပါ", East By Southeast, 7 August 2015။

၂၅။"သံလွင်ရေကာတာများ၏ ကံကြမ္မာ ရေရာမှုမရှိသေး", Mizzima News, 18 March 2013။

၂၆။Tom Fawthrop, "သံလွင်မြစ်သည် ရောင်းရန်မဟုတ်ပါ", East By Southeast, 7 August 2015။

၂၇။Andrew Higgins, "တရုတ်၏ ငွေကြေးထောက်ပံ့ထားသည့် ရေအားလျှပ်စစ်စီမံကိန်းက မြန်မာနိုင်ငံသားများ၏ဒေါသကိုအုံကြွစေခဲ့", The Washington Post, 7 November 2011။

၂၈။Andrew Higgins, "တရုတ်၏ ငွေကြေးထောက်ပံ့ထားသည့်ရေအားလျှပ်စစ်စီမံကိန်းက မြန်မာနိုင်ငံသားများ၏ဒေါသကိုအုံကြွစေခဲ့", The Washington Post, 7 November 2011; Shashank Bengali, "Goldman သဘာဂပတ်ဂန်းကျင်ဆိုင်ရာ ဂုဏ်ပြုဆုဖြင့် မြန်မာနိုင်ငံတွင်းရေကာတာဆန့်ကျင်ရေးလှုပ်ရှားမှုကို ဂုဏ်ပြုခဲ့", LA Times, 19 April 2015; "ရောဂတီ ရေကာတာ ဆန့်ကျင်ရေးလှုပ်ရှားမှု အရှိန်အဟုန်မြင့်လာခဲ့", Kachin News, 28 January 2010; Ye Mon Clare Hammond, "မြစ်ဆုံရေကာတာပြန်လည်စတင်ရန် CPI တွန်းအားပေး", Myanmar Times, 5 June 2015; Qin Hui, "မြန်မာနိုင်ငံမှ ရပ်ဆိုင်းခံခဲ့ရသည့် ရေကာတာ၏ နောက်ကွယ်", China Dialogue, 28 March 2012။

၂၉။ဒို့မြေကွန်ရက် (LIOH), "မြေယာလုယက်သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဂများကိုဖျက်ဆီးကြခြင်း - မြန်မာပြည်တစ်ဂှမ်း မြေယာသိမ်းယူမှု အကျိုးဆက် လေ့လာဆန်းစစ်ချက်များ" December 2015; "ကချင်ပြည်နယ်တရားရုံးမှ ယုဇနကုမ္ပဏီ

မြေယာသိမ်းဆည်းမှုအတွက် စီရင်ချက်ချခဲ့”, Mizzima News, 29 December 2010။

၃၀။ဒို့မြေကွန်ရက် (LIOH), “မြေယာ လုယက်သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဝများကိုဖျက်ဆီးကြခြင်း - မြန်မာပြည်တစ်ဝှမ်းမြေယာသိမ်းယူမှု အကျိုးဆက် လေ့လာဆန်းစစ်ချက်များ” December 2015; “ကချင်ပြည်နယ်တရားရုံးမှ ယုဇနကုမ္ပဏီမြေယာသိမ်းဆည်းမှုအတွက် စီရင်ချက်ချခဲ့”, Mizzima News, 29 December 2010။

၃၁။ဒို့မြေကွန်ရက် (LIOH), “မြေယာ လုယက်သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဝများကိုဖျက်ဆီးကြခြင်း - မြန်မာပြည်တစ်ဝှမ်းမြေယာသိမ်းယူမှု အကျိုးဆက် လေ့လာဆန်းစစ်ချက်များ” December 2015; Noe Noe Aung, “ကချင်တောင်သူလယ်သမားများ ယုဇနဦးဌေးမြင့်ကိုတရားစွဲဆို”, Myanmar Times, 2 June 2014။

၃၂။ဒို့မြေကွန်ရက် (LIOH), “မြေယာ လုယက်သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဝများကိုဖျက်ဆီးကြခြင်း - မြန်မာပြည်တစ်ဝှမ်းမြေယာသိမ်းယူမှု အကျိုးဆက် လေ့လာဆန်းစစ်ချက်များ” December 2015; Noe Noe Aung, “ကချင်တောင်သူလယ်သမားများ ယုဇနဦးဌေးမြင့်ကိုတရားစွဲဆို”, Myanmar Times, 2 June 2014။

၃၃။Kevin Woods နှင့် Daniel Aguirre, “လူထက် အကျိုးစီးပွားများကို အကာအကွယ်ပေးခြင်း”, Transnational Institute, 25 November 2014။

၃၄။ဒို့မြေကွန်ရက် (LIOH), “မြန်မာနိုင်ငံအမျိုးသားမြေအသုံးချမှုဝါဒ - ကျွန်ုပ်တို့၏သဘောထား တုန့်ပြန်ချက်နှင့် အကြံပြုထောက်ခံချက်များ”, 2015။ ပိုမိုဒီမိုကရေစီထုံးနည်းစံကျဖြစ်၍ လူမှုရေးအရ တရားမျှတမှုရှိသည့်မြေယာမူဝါဒဖြစ်စေရန် NLUP မူကြမ်းအဆင့်ဆင့်အပေါ် TNI ၏သဘောထားတုန့်ပြန်ချက်များနှင့် အကြံပြု ထောက်ခံချက်များကိုပါ ကြည့်ရှုပါ။ စီးပွားရေးအသားပေးလား သို့မဟုတ် ဆင်းရဲသားအသားပေးလား?: လတ်တလောမှအများပြည်သူသဘောထားမှတ်ချက်အတွက်ထုတ်ပြန်ခဲ့သည့် အမျိုးသားမြေအသုံးချမှုမူဝါဒပေါ် လေ့လာတီးခေါက်ခြင်း; ‘မြန်မာနိုင်ငံအတွင်း ဒီမိုကရက်တစ်ဆန်၍ အားလုံးပါဝင်မှုရှိသည့်မြေယာမူဝါဒချမှတ်ရန်အတွက်စိန်ခေါ်မှု’; ‘မြန်မာနိုင်ငံတွင်းရှိအမျိုးသမီးများနှင့် မြေယာ၏ ဆက်နွယ်ပတ်သက်မှု - အမျိုးသားမြေအသုံးချမှုမူဝါဒအတွင်း အမျိုးသမီး/အမျိုးသားရေးရာကိစ္စရပ်ကို ထည့်သွင်း အသိအမှတ်ပြုခြင်း’; ‘ခြောက်ကြိမ်မြောက် အမျိုးသားမြေအသုံးချမှုမူဝါဒ (NLUP) အပေါ် လေ့လာသုံးသပ်ချက်’။

၃၅။ Kevin Woods နှင့် Daniel Aguirre, “လူထက်အကျိုးစီးပွားများကိုအကာအကွယ်ပေးခြင်း”, Transnational Institute, 25 November 2014; International Commision of Jurists, “အလွန်အန္တရာယ်များသည့် အနေအထားရောက်နေသည့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေမူကြမ်းလုပ်ငန်းစဉ်”, 7 February 2015။

၃၆။အရပ်ဖက်လူ့အဖွဲ့အစည်းများမှဂျွန်လ ၂၁ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့်သဘောထား ကြေညာချက်ကို"မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက် ကြေညာစာတမ်းအပေါ် အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ချက်" ဟု ခေါင်းစဉ်တပ်ကာ ဤကိစ္စရပ်များကို မီးမောင်းထိုးပြထားသည်။

က။"နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ယှဉ်ပြိုင်ရန်မြန်မာနိုင်ငံသားများ၏ အခွင့်အရေးများကို အာမခံပေးထားသည့် အမျိုးသားမြေယာမူဝါဒနှင့် ဥပဒေတစ်ရပ် အခိုင်အမာမရှိပါ။

ခ။ လက်ရှိပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၌ တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများကို အကာအကွယ် ပေးထားသည့် ဥပဒေများမရှိပါ။

ဂ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ စီးပွားရေးလုပ်ဆောင်သည့်ပုံစံကို ထိန်းချုပ်၍ လူ့အခွင့်အရေးချိုးဖောက်ပါက တရားစွဲဆိုနိုင်ရန် မူဝါဒများနှင့် ဥပဒေများ ရေးဆွဲဖော်ထုတ်ရန် လိုအပ်လျက်ရှိသည်။

ဃ။ရှိရင်းစွဲ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းခြင်း မရှိသေးပါ။ ဥပမာအားဖြင့်မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ လက်ပတောင်းကြေးနီသတ္တုတွင်း၊ သံလွင်ရေအားလျှပ်စစ်စီမံကိန်း၊ မြေယာလုယူမှု စသည်ဖြင့်။

င။ မြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းသည့် ငြိမ်းချမ်းရေးမရရှိသေးပါ။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်ကို ယခုချိန်၌ သဘောတူလက်မှတ်ရေးထိုးလိုက်ပါက တိုင်းရင်းသားလူထုလူတန်းစားများ၏ စိုးရိမ်ပူပန်မှုနှင့် အနာဂတ်ရည်မှန်းချက်များကို ထည့်သွင်း စဉ်းစားပေးနိုင်မည်မဟုတ်ပါ။

စ။ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များကို သဘောတူလက်မှတ်ရေးထိုးရန် လိုအပ်မှုရှိမရှိ ဆုံးဖြတ်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံပူးပေါင်းပါဝင်မှုရှိသည့် လူထုတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရန် လိုအပ်ပါသည်။

အထက်ပါ သဘောထားများအပေါ် အခြေခံ၍ ကျွန်ုပ်တို့အနေဖြင့် မည်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကိုမျှ သဘောတူလက်မှတ်ရေးထိုးရန် မသင့်သေးကြောင်း သုံးသပ်တင်ပြပါသည်။" စာသားအပြည့် အစုံကို https://www.tni.org/en/declaration/cso-statement-myanmar-investment-treaties။

၃၇။ "မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုများ", Oxford Burma Alliance။

၃၈။ဤကိုးကားချက်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ထုတ်ပြန်ခဲ့သည့် KNU မြေယာမူဝါဒမှ ကောက်နုတ်ထားခြင်းဖြစ်သည်။ ဖြည့်စွက်သတင်းအချက်အလက်များကို အဆိုပါမူဝါဒနှင့် ပတ်သက်၍ နှံ့စပ်ကျွမ်းကျင်သူအား ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း လူကိုယ်တိုင်ဆက်သွယ်မေးမြန်းထားခြင်းဖြစ်ပါသည်။

၃၉။ဤကိုးကားချက်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ထုတ်ပြန်ခဲ့သည့် KNU မြေယာမူဝါဒအတွင်းမှ ကောက်နုတ်တင်ပြထားခြင်းဖြစ်ပါသည်။

Transnational Institute (TNI) သည် ရေရှည်တည်တံ့ခိုင်မြဲမှုရှိပြီး တရားမျှတ၍ ဒီမိုကရေစီထုံးနည်းစံကျဖြစ်သည့် မြေကမ္ဘာကို တည်ဆောက်ရန် အတွက် သံမိဋ္ဌာန်ချထားသည့် နိုင်ငံတကာသုတေသနနှင့် မူဝါဒပြောင်းလဲ ရေးစည်းရုံးလှုံ့ဆော်ရေး အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ နှစ်ပေါင်းလေးဆယ် ကျော်ကာလတစ်လျှောက် TNIအနေဖြင့် လူထုလှုပ်ရှားမှုများအကြားသီးခြား ဆက်ကြောင်းတစ်ခုအဖြစ် ရပ်တည်၍ ပညာရှင်များနှင့် မူဝါဒချမှတ်သူများကို ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

www.tni.org

TNI မြန်မာအစီအစဉ် - မြန်မာနိုင်ငံ၌ အရပ်သားတစ်ပိုင်းအစိုးရသစ် ပေါ်ထွန်းလာခြင်းကြောင့် အခြေခံကျသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်၍ ကမ္ဘာ့အရှည်ကြာဆုံး စာရင်းဝင်သည့် လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်ရန်အတွက် မျှော်လင့်ချက်ရောင်ခြည်သန်းလာခဲ့သည်။ TNI ၏ မြန်မာအစီအစဉ်သည် တစ်ရှိန်ထိုး တံခါးပွင့်လာသည့် နိုင်ငံတစ်ခုအနေဖြင့် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းလျက်ရှိ သည့် နိုင်ငံရေးဇာတ်ကောင်များနှင့် (တိုင်းရင်းသား) အရပ်ဖက်လူ့အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာ အောင် ပံပိုးကူညီရန် ရည်ရွယ်သကဲ့သို့ တစ်ဖက်တွင်လည်း အားလုံးပါဝင်မှုရှိ၍ အဓွန့်ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရာ၌ပါဝင်အထောက်အကူပြုလျက်ရှိသည်။ TNIအနေဖြင့်မြန်မာနိုင်ငံတိုင်းရင်းသား နယ်မြေဒေသများအကြောင်း ကျွမ်းကျင်နှံ့စပ်မှုရှိစေရန် အထူးတလည် လေ့လာဆည်းပူးလာခဲ့ပြီး မြန်မာအစီ အစဉ်၌လယ်ယာဥယျာဉ်ခြံမြေတရားမျှတမှု၊ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားဆန်သည့်မူးယစ်ဆေးဝါး ရေးရာမူဝါဒများအတူတကွ ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဤစီမံကိန်းနှင့် TNI မှ နောက်ဆုံးရ သတင်းအချက်အလက်များကို ပုံမှန်လက်ခံရရှိလိုပါက www.tni.org/ subscribe တွင် အမည်စာရင်းပေးသွင်းပါ။